ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၁၄)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက် )**

**[ သောကြာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၅၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၃.၉၅) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၄)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးနု၊ ရန်ကုန်(၁၀)၊ ကော်မတီအစည်းအဝေး။ ဒုတိယဗိုလ်မှူးကြီးစိုးလင်း၊ တပ်မတော်၊ ကော်မတီ အစည်းအဝေး။ ဦးမန်းကံညွန့်၊ ကရင်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမန်းအောင်တင်မြင့်၊ ကရင်(၁၂)၊ ကော်မတီအစည်းအဝေး။ ဦးအောင်ချစ်လွင်၊ စစ်ကိုင်း(၁၁)၊ ကော်မတီကိစ္စ။ ဦးစောမော်ထွန်း၊ ပဲခူး(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်မောင်ကြီး၊ စစ်ကိုင်း(၁၀)၊ ဆေးစစ်။ ဦးလှအေး၊ တနင်္သာရီ(၁၁)၊ ကော်မတီကိစ္စ။ ဦးဂမ်ဆိုင်း၊ ကချင်(၂)၊ ပူးပေါင်း ကော်မတီအစည်းအဝေး။ ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးပေါ်လျှံလွင်၊ ချင်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောအေးမြိုင်၊ ကရင်(၈)၊ ပူးပေါင်းကော်မတီအစည်းအဝေး။ ဦးပိုးရယ်အောင်သိန်း၊ ကယား(၈)၊ ပူးပေါင်းကော်မတီအစည်းအဝေး။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောအုန်း၊ မွန်(၉)၊ ကော်မတီအစည်းအဝေး တို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၇)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၅၆)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယ ဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၏ သစ်တောပြုန်းတီးမှုကို ကာကွယ်သည့်အနေဖြင့် (UNDP)နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းပြီး လိုအပ်သော မြို့နယ်/ကျေးရွာအလိုက် ထင်းရှူးပင်များ စိုက်ပျိုးရန်အတွက် စီမံကိန်း၊ စီမံချက်များရေးဆွဲပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ် က ချင်းပြည်နယ်၏ သစ်တောပြုန်းတီးမှုကို ကာကွယ်သည့်အနေဖြင့် (UNDP)နှင့် ပတ်ဝန်းကျင်ထိန်းသိမ်း ရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းပြီး လိုအပ်သော မြို့နယ်/ကျေးရွာအလိုက် ထင်းရှူး ပင်များ စိုက်ပျိုးရန်အတွက် စီမံကိန်း၊ စီမံချက်များရေးဆွဲပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင် အဖွဲ့ဝင်များနဲ့ လေ့လာသူများ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် သစ်တောပြုန်းတီးမှုကိုကာကွယ်တဲ့အနေနဲ့ (UNDP)နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းပြီးလိုအပ်သော မြို့နယ်/ကျေးရွာအလိုက် ထင်းရှူးပင်များကို စိုက်ပျိုးရန်အတွက် စီမံကိန်း၊ စီမံချက်များရေးဆွဲပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက် သွားရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့မေးခွန်းကို ကျွန်တော်မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ဟားခါးမြို့နယ်တွင် ကျေးရွာပေါင်း(၇၀) ပတ်ဝန်းကျင်၊ အိမ်ခြေပေါင်း(၇)ထောင်၊ (၈)ထောင်ပတ်ဝန်းကျင်နဲ့၊ အိမ်ထောင်စု(၇)ထောင်ခန့် ရှိပြီးတော့ အိမ်ထောင်စု တစ်စုလျှင် တစ်နှစ်ထင်းတန်ချိန်(၁)တန်ခွဲခန့် သုံးစွဲနေရသောကြောင့်၊ တစ်မြို့နယ်လုံးမှာ တစ်နှစ်လျှင် ထင်းတန်ချိန်တစ်သောင်းခန့် သုံးစွဲနေရမှာဖြစ်ကြောင်း၊ ချင်းပြည်နယ် တစ်ခုလုံးကို ဆိုရင်လည်း တန်ချိန် မြောက်မြားစွာ သုံးစွဲရမှာဖြစ်ကြောင်းကို တွက်ချက်လေ့လာရပါတယ်။

အဲဒါကြောင့် သစ်တောပြုန်းတီးမှု၊ ထင်းရှူးပင်ပြုန်းတီးမှုသည် နှစ်စဉ်နဲ့အမျှ အလွန်မြင့်မားမှု ရှိပြီးတော့ စိမ့်စမ်းရေခြောက်ခန်းလာမှု၊ ရာသီဥတုပြောင်းလဲလာမှု၊ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာ မှု၊ သီးနှံအထွက် လျော့နည်းလာမှုနဲ့ ရင်ဆိုင်နေရပြီး နေ့စဉ် ချက်ပြုတ်ရေးတွင်လည်း မြို့ပေါ်အချို့ လျှပ်စစ်ဖြင့် ချက်ပြုတ်ရေးပြုလုပ်နေသော်လည်း ကျေးရွာများမှာ ဆိုးကျိုးများဖြစ်တာကို သိလျက်နဲ့ ဆက်လက် သုံးစွဲနေရကြောင်း ဖြစ်နေပါတယ်။ ဟားခါးမြို့နယ်တွင် ကျေးရွာစိုက်ခင်း ကျေးရွာ(၃၊ ၄)ရွာ လောက်ခန့် သစ်ပင်များ စိုက်ပျိုးမှုရှိသော်လည်း ကျေးရွာလူထုများလိုအပ်ချက်ကို မစဉ်းစားနဲ့ဦး၊ အိမ်ထောင်တစ်အိမ်ထောင်အတွက်တောင်မှ တစ်လလုံလောက်မှုရှိမှာ မဟုတ်ဘူးဆိုတာကို လေ့လာရ ပါတယ်။

လွန်ခဲ့သောနှစ်ပေါင်း(၂၀)ခန့်က ချင်းပြည်နယ် သစ်တောဦးစီးဌာန၊ ပြည်နယ်သစ်တောဦးစီးမှူး ဦးဆောင်ပြီးတော့ ဝန်ထမ်းများက ဟားခါး-ဖလမ်း ဆက်သွယ်သော လမ်းမကြီးနားမှာ (၅)မိုင်ခန့်အကွာမှာလည်းကောင်း၊ ဟားခါး-ထန်တလန်မြို့ ဆက်သွယ်သောလမ်းမပေါ် (၃)မိုင်ခန့်အကွာတွင်လည်းကောင်း ထင်းရှူးပင်များစိုက်ပျိုးမှုသည် ယခုအချိန်မှာ လုံးပတ်(၁၂)လက်မနဲ့ အမြင့်ပေ (၅၀)၊ (၆၀) အထိ ရှိနေပြီး တကယ်ဖြစ်ထွန်းမှုရှိသည့်အပြင် သစ်တောစိမ်းလန်းစိုပြည်မှု ဖြစ်ကြောင်းကိုလည်းတွေ့မြင်နေရပါတယ်။ ချင်းပြည်နယ် ဘယ်မြို့နယ်မဆို ထင်းရှူးပင်မဖြစ်ထွန်းတဲ့နေရာမရှိပါ။ တကယ်ထိန်းသိမ်းကာကွယ်မှုရှိရင် ဖြစ်ထွန်းမည်ဖြစ်ကြောင်း တွေ့ရပါတယ်။ ရှမ်းပြည်နယ်၊ ကလောမြို့ကိုထင်းရှူးမြို့တော်အဖြစ် သတ်မှတ်ထားရန် စီစဉ်ထားကြောင်းကို ဇွန်လ(၁)ရက်နေ့ထုတ် ဂျာနယ်တစ်စောင်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ကလောမြို့ရောက်ခဲ့စဉ် လမ်းညွှန်မှုပြုလုပ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ကျွန်တော်တို့ ချင်းပြည်နယ်လည်းပဲထင်းရှူးပြည်နယ်ဟုတောင်မှ သတ်မှတ်ခေါ်ဝေါ်သင့်ပါကြောင်း၊ ထင်းရှူးပင်ဟာ ထင်းစိုက်ရန် မဟုတ်သော်လည်းဘဲ နေအိမ်များ ဆောက်လုပ်ရန်အတွက်သော်လည်းကောင်း၊ ရာသီဥတုထိန်းသိမ်းရာတွင်လည်းကောင်း၊ သစ်တောပြုန်းတီးမှုကို ကာကွယ်ရန် အတွက်မှာအရေးကြီးပါကြောင်းကို ဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအချိန်မှာ ဟားခါးနဲ့ဖလမ်းမြို့နယ်မှ ထင်းရှူးစိုက်ခင်းဧက(၁၀၀)ခန့်စိုက်ပျိုးရန် လျာထားမှုရှိကြောင်းကို ကျွန်တော်တို့သိရှိရပြီး ဝမ်းသာမဆုံးဖြစ်နေပါတယ်။ ကျန်သောမြို့နယ်များမှာ လည်း အစိုးရနဲ့ UNDP တို့ ပူးပေါင်းပြီးတော့ လိုအပ်တဲ့ မြို့နယ်/ကျေးရွာများကိုဦးစားပေးရေးဆွဲပြီး သကာလ၊ အပင်ရှင်သန်ဖြစ်ထွန်းအောင် စနစ်တကျ စီမံဖော်ဆောင်ရေးအတွက်ဆွေးနွေးနေခြင်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ (၁) အနေနဲ့ ချင်းပြည်နယ်တစ်ခုလုံး လိုအပ်သော မြို့နယ်အလိုက် လိုအပ်သောနေရာ/ကျေးရွာများကို ဦးစားပေးစနစ်ဖြင့် အစိုးရနဲ့ UNDP ပူးပေါင်းပြီး ထင်ရှူးပင်များ စိုက်ပျိုးနိုင်ရန်အစီအစဉ် ရှိ/မရှိ၊ (၂) အစီအစဉ် မရှိပါက ချင်းပြည်နယ်တစ်ခုလုံး သစ်တောပြုန်းတီးမှုအပေါ် ကျရောက်မယ့် ဆိုးကျိုးများကို ယခုမဖြစ်စလောက် ထင်းစိုက်ခင်းအပြင် ဘယ်ပုံဘယ်နည်းနဲ့ ကာကွယ်မည်ကိုအစီအမံ ရှိ/မရှိ။ (၃) အစီအစဉ်ရှိပါက ဆောင်ရွက်ရန်စီမံမှုကို သိရှိလိုပါကြောင်း ဟားခါးမြို့နယ်အပါအဝင် ချင်းပြည်နယ်တစ်ခုလုံး ပြည်သူလူထုရဲ့ကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့်တင်ပြဆွေးနွေးအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြို့နယ်များတွင် တောင်သူလယ်သမားများ သစ်တောကြိုးဝိုင်း ဧရိယာအတွင်း နှစ်အတန်ကြာကာလကတည်းက စိုက်ပျိုးလုပ်ကိုင် ဆောင်ရွက်နေကြသည့် လယ်ယာမြေများကိုစွအား မည်သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးခင်မောင်ဌေး က ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြို့နယ်များတွင် တောင်သူလယ်သမားများ သစ်တောကြိုးဝိုင်းဧရိယာအတွင်း နှစ်အတန်ကြာကာလကတည်းက စိုက်ပျိုးလုပ်ကိုင် ဆောင်ရွက်နေကြသည့်

လယ်ယာမြေများကိစ္စအား မည်သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးခင်မောင်ဌွေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေလို့ ဦးစွာဆုတောင်းမေတ္တာ ပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၁၀)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌွေး ပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းမှာရှိတဲ့ မြို့နယ်များမှာရှိကြတဲ့ တောင်သူလယ်သမားများ သစ်တောကြိုးဝိုင်းဇရိယာအတွင်း နှစ်အတန်ကြာကာလကတည်းက စိုက်ပျိုးလုပ်ကိုင် ဆောင်ရွက်နေကြတဲ့ လယ်ယာမြေကိစ္စ မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိနိုင်ငံတော်အစိုးရသစ်လက်ထက်မှာ ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများနှင့် သဘာဝနယ်မြေများအတွင်း ခွင့်ပြုချက်မရှိဘဲ နှစ်အတန်ကြာအခြေချ နေထိုင်လျက်ရှိကြတဲ့ ကျေးရွာများမှာရှိတဲ့၊ လယ်ယာမြေများနှင့်ပတ်သက်ပြီး ဒေသခံပြည်သူများရဲ့ ဘဝ ရပ်တည်ရေးနှင့် လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်ပြီး ပထမအဆင့်အနေဖြင့် သစ်တောကြိုးဝိုင်းအတွင်းမှာရှိတဲ့ ပြည်ထဲရေးဝန်ကြီးဌာန အမည်ပေါက် ကျေးရွာများ ကြိုးဝိုင်းအတွင်းမှာရှိတဲ့ လယ်ယာများနှင့် စပ်လျဉ်းပြီး ရွာမြေ၊ လယ်မြေ၊ အများပိုင်သာသနာမြေများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောနဲ့ သဘာဝနယ်မြေများအဖြစ်မှ ပယ်ဖျက်ပေးခဲ့ပြီးလည်း ဖြစ်ပါတယ်။

အဆိုပါကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများအတွင်း နှစ်အတန်ကြာနေထိုင်လျက်ရှိကြတဲ့ ဒေသခံပြည်သူများရဲ့ ဘဝရပ်တည်ရေး၊ လူမှုစီးပွားဘဝ၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ကျေးရွာများနှင့်လယ်ယာမြေများကို စွန့်လွှတ်ပေးခဲ့တဲ့ကျေးရွာပေါင်းဟာ (၁၂၁၃) ရွာနဲ့ စွန့်လွှတ်ပေးခဲ့တဲ့ လယ်ယာမြေဧကဟာ (၃၄၅၈၈၉) ဧက မှာ ကျွန်တော်တို့ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှာရှိတဲ့ မြို့နယ်များအတွင်းမှ ကျေးရွာများ နဲ့ လယ်ယာမြေများပါဝင်ခြင်းမရှိကြောင်းကိုလည်းပဲ သိရှိခဲ့ရပါတယ်။ ပြည်ထောင်စုနယ်မြေနေပြည်တော်မှာ ပြည်ထဲရေးဝန်ကြီးဌာန အမည်ပေါက်ရန် ကျန်ရှိနေသေးတဲ့ ကြိုးဝိုင်းအတွင်း အိမ်ခြေ(၅၀)နှင့်အထက် ကျေးရွာများ၊ ကြိုးဝိုင်းအတွင်း နှစ်အတန်ကြာကတည်းက တောင်သူများ စိုက်ပျိုးလုပ်ကိုင်စားသောက်နေကြရတဲ့ လယ်ယာမြေများနှင့်ပတ်သက်ပြီး လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲကျေးရွာများကို ရောက်တဲ့အခါမှာ တောင်သူများက တင်ပြခဲ့ကြတာတွေ ရှိပါတယ်။ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒများအနေနဲ့ ကျေးလက်နေပြည်သူများအနေဖြင့် အခြားတောင်သူများနည်းတူ လယ်ယာမြေတရားဝင် ပိုင်ဆိုင်ခွင့် ပုံစံ(၇)များ၊ စိုက်ပျိုးစရိတ် ချေးငွေ များရရှိရန် လိုအပ်နေတဲ့အတွက် ပြည်သူများအနေနဲ့ ကြိုးဝိုင်းအတွင်း နှစ်အတန်ကြာတည်ရှိနေတဲ့ လယ်ယာမြေများ

တရားဝင် အသိအမှတ်ပြု ဆက်လက်လုပ်ကိုင်လိုပါကြောင်း ဆောင်ရွက်ပေးနိုင်ရန်ကိုလည်းပဲ လွှတ်တော်ကိုယ်စားလှယ်များကို တင်ပြခဲ့တာရှိပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်တောကြိုးဝိုင်းအတွင်း နှစ်အတန်ကြာ တောင်သူများ စိုက်ပျိုးလုပ်ကိုင်နေလျက်ရှိတဲ့ လယ်ယာမြေစာရင်းနဲ့ ပတ်သက် ပြီးတော့ တောင်သူများက တင်ပြလာမှုအပေါ် မှာ စာရင်းပြုစုပြီး ကျွန်တော် တင်ပြရမယ်ဆိုရင် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှာရှိတဲ့ တပ်ကုန်းမြို့နယ်က ကျေးရွာ(၈)ရွာမှာ တောင်သူ(၄၃၆)ဦးရဲ့ လယ်ယာ(၆၄၃)ဧက၊ ယာ(၁၈၁၅.၈) ဧက၊ လယ်ဝေးမြို့နယ် ကျေးရွာ(၁၁)ရွာမှာ တောင်သူ (၂၆၀၇)ဦး ရဲ့ လယ်(၇၄၅၈.၇၀) ဧက၊ ယာ(၇၈၄၅)ဧက၊ ဒက္ခိဏသီရိမြို့နယ် ကျေးရွာ(၇)ရွာမှာ တောင်သူ(၆၆)ဦးရဲ့ လယ်(၁၂၈၄)ဧက၊ ယာ(၅၂၃၀.၈၄)ဧက၊ ဥတ္တရသီရိမြို့နယ် ကျေးရွာ(၇)ရွာမှာ တောင်သူ (၁၂၉၈)ဦးရဲ့ လယ် (၂၃၉၈.၇၅) ဧက၊ ယာ(၆၂၄၀.၃၅)ဧကဖြစ်ပြီး မြို့နယ်(၄)မြို့နယ် ကျေးရွာစုစုပေါင်း(၃၃)ရွာမှာ တောင်သူစုစုပေါင်း (၅၀၀၂)ဦးရဲ့ လယ်(၁၁၇၈၄.၆၄)ဧကနဲ့ ယာ(၂၁၁၃၂.၆၉)ဧက စာရင်းများအား တောင်သူများ တင်ပြမှုအရ ကနဦး ကျွန်တော်တို့ စာရင်းရရှိခဲ့တာ ဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော် အလျဉ်းသင့်လို့ မေးခွန်းအထဲမှာ မပါပေမယ့်လို့ အနည်းငယ် ရှင်းလင်းတင်ပြလိုပါတယ်။ အဲဒါကတော့ ၁၃-၁-၂၀၁၅ ရက်နေ့က နေပြည်တော်မှာ ကျင်းပတဲ့ တောင်သူလယ်သမား အခွင့်အရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ စုံညီလုပ်ငန်းညှိနှိုင်းအစည်းအဝေးမှာ ဒုတိယသမ္မတဦးညာဏ်ထွန်းပြောခဲ့တာကို ကျွန်တော်အနည်းငယ် ထည့်သွင်းတင်ပြလိုပါတယ်။ ဒုတိယသမ္မတက ပြောကြားရာမှာ တောင်သူလယ်သမားများအမှန်တကယ်စိုက်ပျိုးနေတဲ့ လယ်ယာမြေအချို့သည် စာရင်းအရ သစ်တောမြေ၊ စားကျက်မြေများဖြစ်တဲ့အတွက် နစ်နာဆုံးရှုံးမှုရှိနေသည် ဟု သိရှိနေရပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များနှင့် ဝန်ကြီးဌာနများအနေဖြင့် အမှန်တကယ် စိုက်ပျိုးထားရှိတဲ့စိုက်ပျိုးမြေများကို တောင်သူလယ်သမားများ အမြန်တရားဝင် လုပ်ကိုင်စိုက်ပျိုးခွင့်ရရှိရေးလုပ်ငန်းကို အဓိကအရေးကြီးတာဝန်အနေဖြင့် အောက်ခြေတွင်ပြီးပြတ်သည်အထိ မျက်ခြည်မပြတ်ဆောင်ရွက်ပေးကြရန်လည်း တိုက်တွန်းလိုပါကြောင်း၊ အမှန်တကယ်စိုက်ပျိုးမြေများကို တရားဝင်လုပ်ကိုင်အသုံးပြုခွင့်ပုံစံ(၇)ခွင့်ပြုထုတ်ပေးခြင်းအားဖြင့် တောင်သူလယ်သမားများအတွက် စိုက်ပျိုးသီးနှံအလိုက် စိုက်ပျိုးစရိတ်ချေးငွေများထုတ်ယူခွင့်ရရှိနိုင်မည်သာမက ဥပဒေကြောင်းအရခံစားခွင့်များကိုလည်းပဲ ရရှိခံစား နိုင်ကြမည်ဖြစ်ပါကြောင်း ပြောကြားသွားတာကိုမှတ်သားလိုက်ရလို့ တင်ပြရခြင်းဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းလိုတာကတော့ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့မှာရှိကြတဲ့ သစ်တောကြိုးဝိုင်းဧရိယာအတွင်း နှစ်အတန်ကြာကာလကတည်းက စိုက်ပျိုးလုပ်ကိုင် ဆောင်ရွက်နေကြတဲ့ တောင်သူများ၏ လယ်ယာမြေကိစ္စအား ကျွန်တော်တို့နိုင်ငံရဲ့ အများစုဖြစ်ကြတဲ့ တောင်သူများရဲ့ဘဝ ဆက်လက်ရှင်သန် ရပ်တည်နိုင်ရေးအတွက် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မဲဆန္ဒရှင်ပြည်သူများ၏ ကိုယ်စား မေးခွန်းမေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၄။**

**ဦးအေးမြင့်မောင် (ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ဖြစ်ပါတယ်။ ချင်းပြည်နယ်၊ အမှတ်(၄)မဲဆန္ဒနယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ် ရဲ့ မေးခွန်းအပေါ်မှာ ဦးစွာ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ချင်းပြည်နယ်ဟာ ဧရိယာအားဖြင့် (၁၃၉၀၇) စတုရန်းမိုင်ကျယ်ဝန်းပြီး ၂၀၁၄ ခုနှစ်၊ ရွှေ့ပြောင်း လူဦးရေသန်းခေါင်းစာရင်းအရ (၄၇၈၆၉၀)ဦး နေထိုင်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ၂၀၁၀ ပြည့်နှစ်၊ သစ်တောသယံဇာတစာရင်း လေ့လာချက်များအရ ချင်းပြည်နယ်ရဲ့ သစ်တောဖုံးလွှမ်းမှုဟာ (၈၆၅၅) စတုရန်းမိုင်ရှိကြောင်း၊ တစ်နည်းအားဖြင့် ပြည်နယ်ရဲ့ (၆၂)ရာခိုင်နှုန်း ဧရိယာဖုံးလွှမ်းလျက်ရှိကြောင်း တွေ့ရမှာ ဖြစ်ပါတယ်။ ဝန်ကြီးဌာန အနေနဲ့ ချင်းပြည်နယ်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ ထင်းရှူးစိုက် ခင်းပေါင်း(၉၃၅၀)ဧက အပါအဝင် သစ်တောစိုက်ခင်း (၃၈၇၃၀)ဧက၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း (၃၃၇၆)ဧက၊ မိုးရာသီ လူထုဖြန့်(၆၂၄၃၀၀၀)ပင်၊ ပုဂ္ဂလိက ကျွန်းစိုက်ခင်း(၃၂၀)ဧက၊ ပုဂ္ဂလိက သစ်မာစိုက်ခင်း(၁၂၁၈)ဧကတို့ကို ဖြန့်ဝေစိုက်ပျိုး ထူထောင်ခဲ့ပြီး ဖြစ်ပါတယ်။

ကျေးလက်နေဒေသခံ ပြည်သူများအတွက် ထင်းလောင်စာ အပါအဝင် အခြေခံစားဝတ်နေ ရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် လူမှုဘဝမြင့်တင်ရာမှာ အထောက်အကူပြုဖို့အတွက် လောင်စာလိုအပ်ချက်ကို သဘာဝတောများအပေါ်မှာလည်း မှီခိုအားထားမှု လျော့နည်းကျဆင်းစေရန် ရည်ရွယ်ပြီး ကျေးလက်အိမ်ရာ သစ်တောစိုက်ခင်းထူထောင်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ ၂၀၀၈-၂၀၀၉ မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ ချင်းပြည်နယ်ရှိ မြို့ပြနဲ့ကျေးလက်များမှာ အိမ်ထောင်တစ်စုလျှင် ကျွန်း(၃)ပင်နှုန်း (၄၉၂၀၇)ပင်၊ သစ်မာ (၂၀)ပင်နှုန်း (၁၁၈၁၀၀)ပင်နဲ့ တစ်ရွာ (၁)ဧကစိုက်ခင်း (၁၀၅)ဧက ထူထောင် စိုက်ပျိုးခဲ့ပြီး ဖြစ်ပါတယ်။ ချင်းပြည်နယ် သစ်တောဦးစီးဌာနဟာ ၄-၁၁-၂၀၁၄ ရက်နေ့မှာ ပြည်နယ် အတွင်းမှာရှိတဲ့ ကုလသမဂ္ဂလက်အောက်ခံ နိုင်ငံတကာ အဖွဲ့အစည်းများ၊ UNDP, NGOS, INGOS အဖွဲ့အစည်းများကို သစ်တောစိုက်ခင်း၊ နောက် ဒေသခံပြည်သူများအတွက် လိုအပ်တဲ့ ထင်း အပါအဝင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စိုက်ခင်းများ ထူထောင်ဖို့အတွက် ညှိနှိုင်းဆွေးနွေးတဲ့ အခါမှာ ၎င်း အဖွဲ့အစည်းများ အနေနဲ့လာမယ့် နောက် (၂)နှစ်ကာလအထိ အစီအမံ မရှိသေးကြောင်း ဆွေးနွေးခဲ့ ပါတယ်။

သို့သော်လည်း ကျွန်တော်တို့ ဝန်ကြီးဌာန အနေနဲ့ ချင်းပြည်နယ် အတွင်းမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ပြည်ထောင်စု ရန်ပုံငွေနဲ့ စီးပွားရေး ထင်းရှူးစိုက်ခင်း (၁၀၀)ဧက၊ ထင်းရှူးပင် (၃၇၉၀၀)

ပင်ကို ကွက်လပ်ဖြည့် စိုက်ပျိုးခြင်း၊ ပြည်နယ်အစိုးရ ရန်ပုံငွေနဲ့ မိုးရာသီ လူထုဖြန့်မှာ ပျိုးပင်ပေါင်း (၂)သိန်းအနက် ထင်းရှူးပင်(၂၅၉၆၀)ပင် ထည့်သွင်းပျိုးထောင်ခြင်း၊ ကျေးလက်အိမ်ရာစီမံချက်အရ တစ်အိမ် ထောင် ကျွန်း(၃)ပင်နှုန်းနဲ့ (၈၉၁၃)ပင်၊ တစ်အိမ်ထောင် သစ်မာ(၂၀)ပင်နှုန်းနဲ့ (၂၄၇၆၀)ပင်နဲ့ တစ်ရွာ (၁)ဧကစိုက်ခင်း (၁၀)ဧက၊ ၂၀၁၅-၂၀၁၆ မှာ ထည့်သွင်း စီမံဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာလည်း ပြည်ထောင်စုရန်ပုံငွေနဲ့ ကျွန်းစိုက်ခင်း (၁၅၀)၊ ထင်းရှူးစိုက်ခင်း (၁၅၀)ဧကနဲ့ ချင်းပြည်နယ်ဒေသခံ ပြည်သူများအတွက် ဖြည့်ဆည်းစီမံသွားမှာ ဖြစ်ပါတယ်။

ဒီ့အပြင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစပြီး ကျေးလက်အိမ်ရာစီမံချက်အရ စိုက်ပျိုးမယ့်တစ် အိမ်ထောင် ကျွန်း(၃)ပင်၊ သစ်မာ(၂၀)ပင်၊ တစ်ရွာ (၁)ဧက စိုက်ခင်းများမှာ ထင်းရှူးပင်ပါဝင်မှု အချိုး အစားကို အများစု ထည့်သွင်းစီမံစိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ ဒီလိုစိုက်ပျိုးတာကလည်း နှစ်စဉ် ကျွန်တော်တို့ နှစ်(၂၀)စီမံကိန်းမှာပါတဲ့ (၅)နှစ်စီမံကိန်း၊ နှစ်ရှည်စီမံကိန်းများမှာ ထည့်သွင်းရေးဆွဲပြီး နှစ်စဉ် ထည့်သွင်းစီမံဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နောက် ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ထင်းရှူး သစ်မျိုးကိုလည်း အလေးထားပြီးတော့မှ တားမြစ်ရာသစ်ပင်အဖြစ်နဲ့ သတ်မှတ်ထားသော်လည်း ဝန်ကြီး ဌာန ခွင့်ပြုချက်နဲ့အညီ စိုက်ပျိုးထားတဲ့ ပုဂ္ဂလိကထင်းရှူးစိုက်ခင်းများ၊ နောက်ဒေသခံပြည်သူများက မိမိတို့ အိမ်ခြံဝင်းအတွင်းမှာ  စိုက်ပျိုးထားတဲ့ ထင်းရှူးပင်များကို သစ်တောဦးစီးဌာနမှ မှတ်ပုံတင်ထား ရှိပြီး ဆောင်ရွက်ခဲ့မယ်ဆိုရင် နောင်မှာကိုယ်ပိုင် ထုတ်ယူသုံးစွဲနိုင်မှာ ဖြစ်ပါတယ်။

ချင်းပြည်နယ်အစိုးရအဖွဲ့က ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့မှာ ကျေးရွာထင်းစိုက်ခင်း ဥပဒေပြဋ္ဌာန်းပြီး ဖြစ်တဲ့အတွက် ပြည်နယ်အတွင်းမှာရှိတဲ့ သစ်တောမြေနဲ့ အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ မြေများမှာ ထင်းရှူးသစ်မျိုးနဲ့ ကျေးရွာထင်းစိုက်ခင်းများကို ပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်နဲ့လည်း စိုက်ပျိုးတည်ထောင်သွားမှာဖြစ်ကြောင်း သိရပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာန အနေနဲ့ သက်ဆိုင်ရာ ဒေသခံပြည်သူများနဲ့ ပူးပေါင်းပြီး ချင်းပြည်နယ်အတွင်းရှိ မြို့နယ်၊ ကျေးရွာများမှာ ထင်းရှူးပင် စိုက်ပျိုးရေးစီမံကိန်းများကို ကမ်းလှမ်းဆက်သွယ်လာပါကလည်း ဝန်ကြီးဌာနအနေနဲ့ ပူးပေါင်း ဆောင်ရွက်သွားမှာဖြစ်သလို ရေရှည်မှာလည်း ကျွန်တော်တို့ရဲ့ စီမံချက်အတိုင်း ထင်းရှူးမျိုးတုံး ပျောက်ကွယ်မှု မရှိစေရေးနဲ့ ဒေသမှာ အသုံးချနိုင်ရေးအတွက် အလေးထားစီမံဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံး ချုပ်အပ်ပါတယ်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဌေး ရဲ့ မေးခွန်းအပေါ် ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော် သမ္မတရုံးရဲ့ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့ ရက်စွဲပါ စာအမှတ် ၁၃ (၁)/၇/ သမ္မတရုံးအရ မြို့ပြကျေးလက် ဖွံ့ဖြိုးရေး တိုးတက်ရေး စီမံကိန်းများ ဆောင်ရွက်ရာ၌ ပြည်သူလူထုရဲ့ စားဝတ်နေရေး၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန် နိုင်ငံတော်သမ္မတရဲ့ လမ်းညွှန် မိန့်မှာချက်နဲ့အညီ သစ်တောကြိုးဝိုင်းနဲ့ ကြိုးပြင်ကာကွယ်တောများအတွင်း နှစ်ကာလ အတိုင်း အတာတစ်ခုအထိ တရားမဝင်ကျူးကျော် အခြေချနေထိုင်ခဲ့တဲ့ ရွာစု၊ အိမ်စုများကို စာရင်းဇယားကောက် ယူ၍ ကျေးရွာသစ်များ ပြန်လည်ဖွဲ့စည်း နေရာချထားပေးနိုင်ရေး စီမံချက်ရေးဆွဲကာ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းပါဝင်ပြီး ကြီးကြပ်မှုကော်မတီများ ဖွဲ့စည်း၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။

ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ သစ်တောကြိုးဝိုင်းနဲ့ ကြိုးပြင်ကာကွယ်တော သစ်တော နယ်မြေများအတွင်းမှာ နှစ်ကာလအတိုင်းအတာတစ်ခုအထိ ကျူးကျော်အခြေချနေထိုင်တဲ့ ရွာစု၊ အိမ်ထောင်စုများအား သစ်တောမြေမှ ပယ်ဖျက်ပေးရန် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အား ဦးစီးဌာနတို့ ပါဝင်တဲ့ ပူးပေါင်းအဖွဲ့များနဲ့ မြေပြင် စာရင်းကောက်ယူခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးနဲ့ ပြည်နယ်များ၌ ကြီးကြပ်မှုကော်မတီ အဆင့်ဆင့် ဖွဲ့စည်းပြီး ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ကနေ မတ်လ ၂၅ ရက်နေ့အထိ အလေးထားဆောင်ရွက်ပေးခဲ့ပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စာရင်းကောက်ယူရရှိတဲ့ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်းရှိ အိမ်ခြေ (၅၀) နဲ့အထက် ကျေးရွာပေါင်း (၁၂၁၃)ရွာ၊ ရွာမြေ၊ လယ်မြေ၊ သာသနာမြေ၊ အများပိုင်မြေ စုစုပေါင်းမြေ (၃၃၇၄၄၄. ၆၈)ဧကကို သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးခဲ့ပြီး၊ ပြည်ထဲရေးအမည်ပေါက် ကျေးရွာ (၄၀၃)ရွာရဲ့ ရွာမြေ၊ လယ်မြေ၊ သာသနာမြေ၊ အများပိုင်မြေ စုစုပေါင်း (၉၅၅၂၈.၄၈)ဧကကိုလည်း ပယ်ဖျက်ဖို့ ဆောင်ရွက်လျက် ရှိပါတယ်။

ဒီအထဲမှာ ကျွန်တော်တို့ ယနေ့အချိန်ထိ (၇၄၀၁၈.၈၈)ဧကကို သစ်တောမြေအဖြစ်မှ ပယ်ဖျက် ပေးပြီးလည်း ဖြစ်ပါတယ်။ ဆက်လက်ပြီးလည်း ကျန်ရှိတဲ့ ဧကများကို စိစစ်ပယ်ဖျက်လျက်ရှိပါတယ်။ ယာမြေများကိုတော့ သစ်တောမြေအဖြစ်မှ စွန့်လွှတ်ခြင်းမပြုဘဲ သီးနှံသစ်တော ရောနှော စိုက်ပျိုးသည့်စနစ်ကို အခြေခံတဲ့ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း ထူထောင်ခြင်း လုပ်ငန်းများနဲ့ တည်ထောင်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဆက်လက်ပြီး ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများနဲ့ သဘာဝနယ်မြေများအတွင်း နှစ်ကာလအတိုင်းအတာတစ်ခုအထိ တရားမဝင် ကျူးကျော် အခြေချနေထိုင်တဲ့ အိမ် ခြေ(၅၀)အောက်၊ ရွာစု၊ အိမ်စုများ မြေဧက(၁၅၀၁၇.၅)ဧက၊ လယ်မြေ (၂၅၃၁၇၀.၉၆)ဧကနဲ့ သာသနာနဲ့ အများပိုင်မြေ (၂၃၀၃၃.၁၀)ဧကတို့ကို ကျွန်တော်တို့ စိစစ်ပယ်ဖျက်ပေးသွားမှာ ဖြစ်ပါတယ်။

ထိုသို့ ပယ်ဖျက်ရာမှာ ရှေးဦးစွာ ပြည်ထဲရေး အမည်ပေါက် (၉၂၁)ရွာရဲ့ ရွာမြေ၊ လယ်မြေ၊ သာသနာမြေ၊ အများပိုင်မြေ (၆၀၂၉၉.၈)ဧကကို ပယ်ဖျက်ပေးမှာဖြစ်ပြီး၊ ပြည်ထဲရေးဝန်ကြီးဌာန အမည်မပေါက်သော်လည်း မြေပြင်မှာ အခိုင်အမာတည်ထောင်ထားရှိတဲ့ ကျေးရွာပေါင်း (၄၀၅)ရွာရဲ့ ရွာမြေ၊ လယ်မြေ၊ သာသနာ၊ အများပိုင်မြေ (၂၃၁၆၉.၃၉)ဧကကိုလည်း ကျွန်တော်တို့ ပယ်ဖျက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒီနောက်မှာတော့ သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများမှာ သဘာဝနယ်မြေမှာ ပြန့်ကျဲနေထိုင်တဲ့ အိမ်စု၊ ရွာစုနဲ့ သစ်တောနယ်မြေအတွင်းမှာ နေထိုင်ခြင်းမရှိသော်လည်း ပြင်ပမှ လာရောက်ကျူးကျော်လုပ်ကိုင်တဲ့ ရွာမြေ၊ လယ်မြေ၊ သာသနာမြေ၊ အများပိုင်မြေ (၂၀၇၇၆၀.၇၇) ဧကကို လည်း ပယ်ဖျက်ပေးသွားမှာ ဖြစ်ပါတယ်။

တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးတွင် စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ကျွန်တော်တို့ အနေနဲ့ အလေးထားဆောင်ရွက်နိုင်ခဲ့သော်လည်း နေပြည်တော်ကောင်စီနယ်မြေအတွင်းမှာ တည်ဆောက်ရေးလုပ်ငန်းများ၌ အလုပ်လုပ်ကိုင်သော အခြားဒေသမှ လုပ်သားများဟာ သစ်တောကြိုးဝိုင်းများအတွင်းမှာ ယာယီအစီအစဉ်ဖြင့် ဝင်ရောက်နေထိုင်ရာမှ လုပ်ငန်းပြီးစီးပြီးနောက် မူရင်းနေထိုင်ရာဒေသများသို့ ပြန်သွားခြင်းမပြုဘဲ အခြေချနေထိုင်ခြင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း ဖွံ့ဖြိုးတိုးတက်စည်ကား

၍ မြေတန်ဖိုးမြင့်တက်လာသည့် အခြေအနေအရ ကြိုးဝိုင်းများအတွင်း နေအိမ်များ တရားမဝင်တိုးချဲ့ တည်ထောင်ခြင်းစတဲ့ လတ်တလော ထပ်မံကျူးကျော်မှု ပြဿနာများ ဖြစ်ပေါ်လာသဖြင့် အခြေအနေ အရပ်ရပ်ကို သုံးသပ်ပြီး၊ ၂၀၁၃ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ နေပြည်တော်ကောင်စီရဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် ၁၁/၂၀၁၃ ဆုံးဖြတ်ချက် အပိုဒ် ၂၅ အရ စာရင်းကောက်ယူမှု များကို ရပ်ဆိုင်းသွားရန်နှင့် (၁၀)နှစ်အထက် သစ်တောမြေအတွင်းမှာ နေထိုင်ကြတဲ့ ကျေးရွာများကို သာ စာရင်းကောက်ယူသွားရန်၊ ထပ်မံကျူးကျော်သူများကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားရန်ဆိုပြီး ဆုံးဖြတ်ချက် ချမှတ်ခဲ့ပါတယ်။

နေပြည်တော်ကောင်စီ (၈)မြို့နယ်အတွင်းမှာ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောအတွင်း ကျူးကျော်ရွာစု၊ အိမ်ထောင်စုစာရင်းကောက်ယူရေးလုပ်ငန်းများဟာ အဲဒီအချိန်မှာ ရပ်ဆိုင်းသွားခဲ့ရပါ တယ်။ နေပြည်တော်ကောင်စီနယ်မြေအတွင်း တရားမဝင်ကျူးကျော် အခြေချနေထိုင်တဲ့ ရွာစု၊ အိမ်စု၊ လတ်တလော ထပ်မံကျူးကျော်မှု ပြဿနာများ ဖြစ်ပွားလာမှုအပေါ် မြေယာကျူးကျော်မှု(၂၄၆)မှုကိုလည်း တရားစွဲဆို အရေးယူဆောင်ရွက်ခဲ့ပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှာ သစ်တောမြေ၊ စားကျက် မြေနဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများမှာ တောင်သူလယ်သမားများ အမှန်စိုက်ပျိုးထားသော စိုက်ပျိုးမြေဧကများကို တရားဝင်စိုက်ပျိုးမြေအဖြစ် အခိုင်အမာ အတည်ပြု သတ်မှတ်နိုင်ရန်အတွက် လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇) ထုတ်ပေးခြင်းလုပ်ငန်းကို ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မတိုင်မီ ပြီးစီး အောင် အရေးကြီးလုပ်ငန်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားရန် ဗဟိုလယ်ယာမြေ စီမံ ခန့်ခွဲမှု အဖွဲ့ရဲ့ ၁၆-၁-၂၀၁၅ ရက်စွဲပါစာနဲ့ ညွှန်ကြားလာတဲ့အပေါ် နေပြည်တော်ကောင်စီနယ်မြေ၊ မြို့နယ်များအတွင်း သစ်တောနယ်မြေများ၌ ကျူးကျော်လုပ်ကိုင်ခဲ့တဲ့ တောင်သူလယ်သမားများရဲ့ အမှန် တကယ်စိုက်ပျိုးနေတဲ့ လယ်မြေစာရင်း၊ လယ်မြေသီးသန့်စာရင်းကို ပြုစုတင်ပြပေးရန် နေပြည်တော် ကောင်စီမှ စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။

အဲဒီလို စီစဉ်ဆောင်ရွက်ခဲ့မှုအပေါ်မှာ ယခင်ကောက်ယူခဲ့တဲ့စာရင်းဇယားများကို ပြန်လည် စိစစ်ရန်နှင့် ကောက်ယူရန်ကျန်ရှိတဲ့ လယ်မြေစာရင်းများ ကွင်းဆင်းစစ်ဆေးကောက်ယူရန် ကျွန်တော်တို့ အဖွဲ့ဖွဲ့ပြီး ဆောင်ရွက်ဖို့ စီစဉ်လျက်ရှိပါတယ်။ ဒါကလည်းလာမယ့် မတ်လ မကုန်ခင်မှာ အပြီးဆောင်ရွက် သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ နေပြည်တော်ကောင်စီနယ်မြေအတွင်းမှာရှိတဲ့ အချိန်ကာလအတန်ကြာ သစ်တောမြေအတွင်းမှာ ကျူးကျော်နေထိုင်ကြတဲ့ ကျေးရွာများမှ တောင်သူ လယ်သမားများရဲ့ ဘဝကို တိုးမြှင့်ရန် ရည်ရွယ်ဆောင်ရွက်ပြီးတော့မှ လယ်မြေများကို သစ်တောမြေ အဖြစ်မှာ ဦးစွာပယ်ဖျက်နိုင်ရေး ဆောင်ရွက်လျက် ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ခုနတုန်းက ကျွန်တော်တို့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ရှင်းပြသွားတာလည်း ကျွန်တော်တို့ ဝမ်းသာပါတယ်။ ကျွန်တော်တို့ ချင်းပြည်နယ်မှာ ထင်းရှူးစိုက်ခင်းအတွက်လည်း အစီအစဉ် ရှိပါတယ်ဆိုတဲ့ အကြောင်း ကျွန်တော်သိလို့ ဝမ်းသာပါတယ်။ ဒါပေမယ့်လည်း ကျွန်တော်တို့ လက်လှမ်းမီသလောက် ချင်းပြည်နယ် ကို ကြည့်မယ်ဆိုရင် ခုန ဒုတိယဝန်ကြီးတင်ပြသွားတဲ့ အစိုးရစိုက်ခင်းတို့၊ နောက်တစ်ခါ ကျေးရွာစိုက်ခင်း

တို့၊ ပုဂ္ဂလိက စိုက်ခင်းတို့ဆိုတာက ကျွန်တော်တို့ မမီတဲ့ နေရာလည်း ရှိမှာပါ။ ဒါပေမဲ့ လက်လှမ်းမီသလောက် စုံစမ်းကြည့်မယ်ဆိုရင် ကျွန်တော်တို့ဒီစာရင်းတွေဟာ စာရွက်ပေါ်မှာပဲ ရှိတယ်လို့ ကျွန်တော်က သုံးသပ်ပါတယ်။ လက်တွေ့အားဖြင့် ကျေးရွာစိုက်ခင်းဟာ တကယ်စိုက်၊ မစိုက်၊ နောက်တစ်ခါ ပုဂ္ဂလိကအနေနဲ့ ပုဂ္ဂလိကစိုက်ခင်း တင်ပြတောင်းခံတာကို အမှန်သစ်ပင်စိုက်/မစိုက်ဆိုတဲ့ အခြေအနေကို ကျွန်တော်တို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အနေနဲ့ ပြန်လည်စိစစ်ပြီးတော့ ပြန်လည်သုံးသပ်ဖို့ လိုအပ်မယ်လို့ပဲ ကျွန်တော် ဒီလိုပဲမြင်ပါတယ်။ အဲဒါကြောင့် အခု ကျွန်တော် ထပ်ပြီးတော့ ဆွေးနွေးချင်တာတော့ ကျွန်တော်တို့ ချင်းပြည်နယ်အတွင်းမှာ အစိုးရစိုက်ခင်းပဲ ဖြစ်ဖြစ်၊ နောက် ကျေးရွာစိုက်ခင်းပဲ ဖြစ်ဖြစ်၊ ပုဂ္ဂလိကအနေနဲ့ လျှောက်ထားတဲ့ စိုက်ခင်းကိုလည်း သေချာ ပြန်စိစစ်ပြီးတော့ မှန်/မမှန်ဆိုတဲ့ အချက်ကြီးကို ဆောင်ရွက်ပေးဖို့ ထပ်မံပြီးတော့ ဆွေးနွေးလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းတွေဟာ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမယ့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**နမ့်ခမ်းမြို့နယ် ဆာလုကျေးလက် ဆေးပေးခန်းကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးမည်ဟု ဆိုသော်လည်း အကောင်အထည်ဖော်ဆောင်ခြင်း မရှိသေးသဖြင့် စတင်ဆောင်ရွက်မည့်အချိန်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းဝင်းမောင် က နမ့်ခမ်းမြို့နယ် ဆာလုကျေးလက် ဆေးပေးခန်းကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးမည်ဟု ဆိုသော်လည်း အကောင်အထည်ဖော်ဆောင်ခြင်း မရှိသေးသဖြင့် စတင်ဆောင်ရွက်မယ့်အချိန်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဦးစိုင်းဝင်းမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာသော ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပြီးတော့ အားလုံးပဲ ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသော သုခအပေါင်းနဲ့ ထာဝစဉ်ပြည့်စုံ ခညောင်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော်မေးရမယ့် မေးခွန်းကတော့ နမ့်ခမ်းမြို့နယ်မှာရှိတဲ့ ဆာလုကျေးလက် ဆေးပေးခန်းကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်မြှင့်တိုးပေးမယ်လို့ ဆိုသော်လည်းပဲ အကောင်

အထည်ဖော်ဆောင်ခြင်း မရှိသေးတဲ့အတွက်ကြောင့် ကြယ်ပွင့်ပြမေးခွန်းအဖြစ် ထပ်မံမေးရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆာလုကျေးလက်ကျန်းမာရေးဆေးပေးခန်းဟာ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ်၊ မာန်အောင်ကျေးရွာအုပ်စုမှာ တည်ရှိပါတယ်။ အဲဒီ ကျေးလက်ဆေးပေးခန်းကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးဖို့ လွန်ခဲ့တဲ့ ၂-၁၀-၂၀၁၃ ရက်နေ့မှာ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး၊ ဒုတိယနေ့ အစီအစဉ် ဗုဒ္ဓဟူးနေ့မှာ ကျွန်တော် ဦးစိုင်းဝင်းမောင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၅)မဲဆန္ဒနယ် ရှမ်းပြည်နယ်က နေပြီးတော့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခွင့်ရတဲ့ အတွက်ကြောင့် ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းခဲ့ခြင်း ဖြစ်ပါတယ်။ ကျန်းမာရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ ကြွရောက်လာပြီး ဖြေကြားခဲ့တဲ့အထဲမှာ လာမယ့် ၂၀၁၄-၂၀၁၅ ခုနှစ်မှာ တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးပါမယ့်အကြောင်း ဖြေကြားခဲ့ပါတယ်။ ဒါပေမယ့် ဥက္ကဋ္ဌကြီး ခင်ဗျား။ ယခုအခါ ၂၀၁၄ ခုနှစ်ကုန်ဆုံးပြီးတော့ ၂၀၁၅-၂၀၁၆ ဘတ်ဂျက်ကာလလည်း ရောက်နေပါပြီ။ နမ့်ခမ်းမြို့နယ်၊ ဆာလုကျေးလက်ဆေးပေးခန်းကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးမယ့် ပုံရိပ်ကလည်းပဲ မပေါ်လာသေးပါဘူး။

သို့ဖြစ်ပါ၍ ဒေသခံပြည်သူတို့ရဲ့ မျှော်လင့်တောင်းတချက်အရ တိုက်နယ်ဆေးရုံအဖြစ် အဆင့်မြှင့်တိုးပေးမည်လို့ဆိုထားတဲ့ ဆာလုဆေးပေးခန်းကို ယခုအခါ ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်းမှာ အဆင့်တိုးမြှင့်ပေးနိုင်မယ့် အခြေအနေ ရှိ/မရှိကို ဥက္ကဋ္ဌကြီးကနေ တစ်ဆင့် ထပ်မံမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကြက်ခြေနီအသင်းများ ဖွဲ့စည်းပုံပီပြင်စွာ ဖြစ်ပေါ်ရေးအတွက် မည်ကဲ့သို့ ပြုပြင်ပြောင်းလဲသွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ က ကြက်ခြေနီအသင်းများ ဖွဲ့စည်းပုံပီပြင်စွာ ဖြစ်ပေါ်ရေးအတွက် မည်ကဲ့သို့ ပြုပြင်ပြောင်းလဲသွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြည်ထောင်စုဝန်ကြီးများနဲ့ ကော်မရှင်အဖွဲ့ဝင်များ၊ ကြွရောက်လာတဲ့ ဧည့်သည်တော်များအားလုံး ကျက်သရေမင်္ဂလာအပြာဖြာနဲ့ ပြည့်စုံတော်မူကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်း မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ ကျွန်တော် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကြက်ခြေနီအသင်းများ ဖွဲ့စည်းပုံ ပီပြင်စွာဖြစ်ပေါ်ရေး မည်ကဲ့သို့ ပြုပြင်ပြောင်းလဲမည်ကို သိရှိလိုခြင်းနဲ့ပတ်သက်တဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ မြန်မာနိုင်ငံ ကြက်ခြေနီ တပ်ဖွဲ့ဝင်များဟာ ခေတ်အဆက်ဆက် မည်သည့်နိုင်ငံရေးပါတီ၊ မည်သည့် နိုင်ငံရေးပယောဂတွေမှာမှ မပါဘဲနဲ့ လူမှုရေး၊ ကျန်းမာရေးကဏ္ဍများမှာသာ ပါဝင်ဆောင်ရွက်ခဲ့ပြီးတော့ ICRC လို့ခေါ်တဲ့ ကမ္ဘာ့ကြက်ခြေနီအဖွဲ့ရဲ့ မူဝါဒများဖြစ်တဲ့ အခြေခံသဘောထား(၇)ချက်နဲ့လည်းအညီ လုပ်ကိုင်ဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်။ လက်ရှိ ကြက်ခြေနီတပ်ဖွဲ့ဝင်များရဲ့ အခြေအနေဟာ ဥပမာအားဖြင့် မြို့နယ်အဆင့် ကြက်ခြေနီတပ်ဖွဲ့တစ်ခုဟာ အဲဒီ မြို့နယ်ရဲ့ ကြက်ခြေနီတပ်ဖွဲ့ ဥက္ကဋ္ဌဟာ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဖြစ်တယ်။ ဒုတိယဥက္ကဋ္ဌကတော့ မြို့နယ်ရဲတပ်ဖွဲ့မှူး ဖြစ်ပြီးတော့ မြို့နယ်ပညာရေးမှူး က တွဲဖက်ကိုင်တယ်။ စာရင်းစစ်ကတော့ မြို့နယ်စာရင်းစစ်အဖွဲ့၊ အဖွဲ့ဝင်တွေကတော့ မီးသတ်ဦးစီးမှူး၊ အတွင်းရေးမှူးကတော့ ကျန်းမာရေးဝန်ထမ်းဖြစ်နေပြီးတော့ တွဲဖက်အတွင်းရေးမှူး ရာထူးကျမှသာလျှင် ဒါ တပ်ခွဲမှူးအဆင့်ရှိတဲ့ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်က အဲဒီကျမှ အရပ်သားစစ်စစ်က ပါလာတာ ဖြစ်ပါတယ်။ ဝန်ထမ်းအများစုဖြင့်သာ ဖွဲ့စည်းထားပြီးတော့ ဒေသခံဟာ တပ်ခွဲမှူးတစ်ဦးသာ ပါနေတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဝန်ထမ်းအများစုဟာ ကြက်ခြေနီလုပ်ငန်းကို စိတ်ပါဝင်စားသူ အချို့အဝက်ရှိသလို ဒါတွေဟာ အပို အလုပ်ပါကွာလို့ ခံယူထားတဲ့ သူတွေလည်း ရှိပါတယ်။ ဝါသနာပါသူ အနည်းစုရှိသော်လည်း အဲဒီဝန်ထမ်း ပြောင်းရွှေ့သွားတဲ့ အခါမှာ အဲဒီမြို့နယ်ရဲ့ ကြက်ခြေနီလုပ်ငန်းဟာ ခါးပြတ်သွားတာကို တွေ့ရပါတယ်။ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနဲ့ မီးသတ်၊ မိခင်ကလေး၊ အမျိုးသမီးရေးရာအဖွဲ့တွေဟာ ဒေသခံ မြို့မိ၊ မြို့ဖများ ပါဝင်ဆောင်ရွက်သကဲ့သို့ ကြက်ခြေနီအသင်း တပ်ဖွဲ့ဝင်များမှာလည်း ဝါသနာပါသူ မြို့မိ၊ မြို့ဖများ ထည့်သွင်းပြီးတော့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး စသည်ဖြင့် မြို့နယ်၊ ခရိုင်၊ တိုင်း ကြက်ခြေနီအသင်းအဖွဲ့များကို ပြန်လည်ပြီးတော့ ဖွဲ့စည်းပုံအသစ် ရေးဆွဲပြီးတော့ စိစစ်သင့်တယ် လို့ အကြံပြုတင်ပြအပ်ပါတယ်။

ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အထက်ပါမေးခွန်းကို လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**လပွတ္တာမြို့ (၃)မိုင်မြို့သစ် ခုတင်(၂၀၀)ဆေးရုံအတွက် အရေးတကြီးလိုအပ်လျက်ရှိသည့် အထူးကုဆရာဝန်များ၊ သူနာပြုများ၊ ဓာတ်မှန်ဓာတ်ခွဲခန်း၊ ဆေးဘက်ကျွမ်းကျင် ဝန်ထမ်းများ ခွင့်ပြုခန့်ထားပေးပါရန်နှင့် ဆေးသိုလှောင်ရုံနှင့် လူနာစောင့် နားနေဆောင်များ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှိုင်ဦး က လပွတ္တာမြို့ (၃)မိုင်မြို့သစ် ခုတင်(၂၀၀) ဆေးရုံ အတွက် အရေးတကြီးလိုအပ်လျက်ရှိသည့် အထူးကု ဆရာဝန်များ၊ သူနာပြုများ၊ ဓာတ်မှန်ဓာတ်ခွဲခန်း၊ ဆေးဘက်ကျွမ်းကျင် ဝန်ထမ်းများ ခွင့်ပြုခန့်ထား ပေးပါရန်နှင့် ဆေးသိုလှောင်ရုံနှင့် လူနာစောင့် နားနေဆောင်များ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဦးလှိုင်ဦး၊ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ

အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်း ဆက်သ ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှိုင်ဦး ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ လပွတ္တာမြို့ (၃)မိုင်မြို့သစ် ခုတင်(၂၀၀) ဆေးရုံအတွက် အရေးတကြီး လိုအပ်လျက်ရှိတဲ့ အထူးကုဆရာဝန်များ၊ သူနာပြုများ၊ ဓာတ်မှန်၊ ဓာတ်ခွဲခန်း စသည့် ဆေးဘက် ကျွမ်းကျင်ဝန်ထမ်းများနှင့် ခွင့်ပြုခန့်ထားပေးပါရန်နှင့် ဆေးသိုလှောင်ရုံနှင့် လူနာစောင့် နားနေဆောင် များ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့မှာ (၃)မိုင် မြို့သစ်မှာရှိတဲ့ ခုတင်(၂၀၀)ဆေးရုံဟာ လွန်ခဲ့တဲ့ (၄)နှစ်ကျော်လောက်က စတင်ဖွင့်လှစ်ခဲ့တဲ့ ဆေးရုံဖြစ်ပါတယ်။ ဆေးရုံအသစ်ဖြစ်တဲ့အတွက် ကျန်းမာရေးဝန်ကြီးဌာနရဲ့ စီစဉ်ဆောင်ရွက်ပေးမှု ကြောင့် ကျွန်တော်တို့ အတော်များများဟာ အဆောက်အဦများကအစ တော်တော်လေး ကောင်းမွန် ပြီးတော့ ဒေသခံပြည်သူတွေ အင်မတန် အားကိုးအားထားပြုတဲ့ ဆေးရုံကြီးတစ်ရုံ ဖြစ်ပါတယ်။

ကျွန်တော်တို့ဒေသဟာ အားလုံးသိပြီးတဲ့အတိုင်းပဲ နာဂစ်ဒဏ် ခံထားရတဲ့ ဒေသဖြစ်တဲ့ အတွက် ဒေသခံ ပြည်သူတွေအနေနဲ့ လူမှုစီးပွား၊ ဘဝအခြေအနေအရ ကျန်းမာရေးစောင့်ရှောက်မှု ခံယူဖို့ အတွက်ဆိုရင် ဒီခုတင်(၂၀၀)ဆေးရုံကြီးကို အထူးအားကိုးအားထားပြုပြီးတော့ ကျွန်တော်တို့ ကျန်းမာရေး စောင့်ရှောက်မှု ခံယူလျက်ရှိကြောင်း ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

ဒါကြောင့်မို့ ဒီဆေးရုံကြီးမှာဆိုရင်လည်း အသစ်ဖြစ်တဲ့အတွက် လိုအပ်ချက် အတော် များများ ရှိနေပါတယ်။ ဒီလိုအပ်ချက်တွေကို နှစ်အလိုက် ဘဏ္ဍာငွေ ရရှိမှုအပေါ်မှာ မူတည်ပြီးတော့ ကျန်းမာရေး ဝန်ကြီးဌာနအနေနဲ့ ဖြည့်ဆည်း ဆောင်ရွက်ပေးတာကိုလည်း ကျွန်တော်တို့ ဒေသခံမိဘပြည်သူများ အနေနဲ့ နားလည်ပါတယ်။

ဒီမှာ ကျွန်တော်တို့ လိုအပ်ချက် အများကြီးထဲကမှ ကျွန်တော်တို့ ဖြစ်နိုင်သမျှ အနည်းဆုံး လိုအပ်ချက်ကလေးတွေကိုတော့ ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုတဲ့ ဆန္ဒကတော့ ကျွန်တော်တို့ ဒေသခံ တွေရဲ့ ကျွန်တော်တို့ ပြင်းပြတဲ့ ဆန္ဒဖြစ်ပါတယ်။ ဒီမှာဆိုရင် ကျွန်တော်တို့ အဓိက ကျွန်တော် တင်ပြချင် တာကတော့ ဒီမေးခွန်းလေးကို ပြီးခဲ့တဲ့ (၃)လလောက်က ကျွန်တော် အမျိုးသားလွှတ်တော်မှာ တင်ပြ ထားတာ ဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက ဆိုလို့ရှိရင်တော့ ဒီခုတင် (၂၀၀)ဆေးရုံကြီးမှာ ကျွန်တော်တို့ ခွဲစိတ်အထူးကုဆရာဝန် မရောက်သေးပါဘူးခင်ဗျား။ ကျွန်တော်တို့ ယာယီ တွဲဖက်ပေးထားတဲ့ အထူးကု ဆရာဝန်တစ်ယောက်က လာရောက်ပြီးတော့ တာဝန်ထမ်းဆောင် နေတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ အဲဒီအချိန်မှာလည်း ကျွန်တော်တို့က ခွဲစိတ်အထူးကုဆရာဝန်ကြီးတစ်ယောက်ကို လိုအပ်ပါတယ်။ ဒါလေးကို ကျွန်တော်တို့ တင်ပြပေးပါဆိုပြီးတော့ ဒေသခံ မိဘပြည်သူများက တောင်းဆို တဲ့ အတွက် ကျွန်တော် အဲဒီကတည်းက ဒီမေးခွန်းလေးကို မေးပြီးတော့ တင်ပြထားတာ ဖြစ်ပါတယ်။ ဒီလိုပါပဲ ကျွန်တော်တို့ ဒီမှာဆိုရင် ဓာတ်ခွဲခန်း ကျွမ်းကျင်ဝန်ထမ်းက တစ်ဦးပဲရှိပါတယ်။ ခုတင်(၂၀၀) ဆေးရုံကြီးမှာ ကျွန်တော်တို့ နေ့စဉ် လူနာ(၁၅၀)နဲ့အထက် တက်ရောက်ပြီးတော့ ဆေးကုသမှုခံယူလျက် ရှိပါတယ်။

အထူးကုဆရာဝန်ကြီးများလည်း အတန်အသင့်ရှိတဲ့ ဆေးရုံဖြစ်တဲ့အတွက် ကျွန်တော်တို့ ဓာတ်ခွဲခန်းဝန်ထမ်းကတော့ တစ်ဦးတည်းဟာ အင်မတန်မှ နည်းနေကြောင်း ကျွန်တော်တို့ အားလုံးက တင်ပြကြပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့က အထူးသဖြင့်တော့ ဓာတ်ခွဲကျွမ်းကျင် ဝန်ထမ်းကို အမြန်ဆုံး ဖြည့်တင်းဆောင်ရွက်ပေးဖို့ လိုအပ်မှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

နောက်တစ်ခု ကျွန်တော်တို့ အထူးသဖြင့် တင်ပြချင်တာကတော့ ဓာတ်မှန်ကျွမ်းကျင် ဝန်ထမ်းလည်း ဖြစ်ပါတယ်။ (၂၄)နာရီပတ်လုံး ကျွန်တော်တို့ ဓာတ်မှန်နဲ့ပတ်သက်တဲ့ လုပ်ငန်းများ ဆောင်ရွက်ဖို့အတွက် ဆိုလို့ရှိရင်တော့ ဓာတ်မှန်ကျွမ်းကျင်ဝန်ထမ်းလည်း ကျွန်တော်တို့ နည်းပါတယ်။ ဒါလေးကိုလည်း ကျွန်တော်တို့ ဖြည့်စွက်ဆောင်ရွက်ပေးစေချင်ပါတယ်။ ကျွန်တော်တို့ ဒေသခံများ အနေနဲ့ကတော့ ဒီလိုအပ်ချက်များစွာ ရှိနေသေးတဲ့ ဆေးရုံတစ်ရုံဖြစ်တဲ့အတွက် သတ်မှတ်ခွင့်ပြုစံနှုန်းအတိုင်း ဝန်ထမ်းအင်အား ခန့်ထားပေးရန်နဲ့ အဆောက်အဦများ ပြည့်စုံစွာ တည်ဆောက်ပေးရန် မဖြစ်နိုင်သေးတာကိုလည်း ကျွန်တော်တို့ အနေနဲ့ နားလည် လက်ခံနိုင်စွမ်း ရှိကြပါတယ်။

သို့သော်လည်း အနည်းဆုံး လိုအပ်ချက်ကိုတော့ ဖြည့်တင်း ခန့်ထား ဆောင်ရွက်ပေးစေလိုကြောင်း တင်ပြကြပါတယ်။ လတ်တလောအနေနဲ့ အရေးကြီးလိုအပ်ချက်ဖြစ်တဲ့ အထူးကု ဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်များ၊ သူနာပြုများနှင့် ဓာတ်ခွဲခန်း၊ ဓာတ်မှန် စသည့် ဆေးဘက်ကျွမ်းကျင်ဝန်ထမ်းများ အင်အားကိုတော့ ဖြစ်နိုင်စွမ်းရှိသလောက် တိုးမြှင့်ခန့်ထားဆောင်ရွက်ပေးရန် အားလုံးက ဝိုင်းတင်ပြကြပါတယ်။

နောက် ဒါ့အပြင် ကျွန်တော်တို့ ဆေးနဲ့ ဆေးပစ္စည်း၊ သိုလှောင်ရုံ လိုအပ်နေမှုနဲ့ ကျွန်တော် တို့များပြားလာတဲ့ လူနာစောင့်တွေ နားနေဖို့အတွက် နားနေဆောင်ကိုလည်း ဖြည့်တင်းဆောင်ရွက်ပေး ပါလို့ ဒါ ကျွန်တော်တို့ ဒေသခံမိဘပြည်သူများက တင်ပြတောင်းဆိုကြပါတယ်။ သို့ဖြစ်ပါ၍ လပွတ္တာမြို့(၃)မိုင်မြို့သစ်၊ ခုတင်(၂၀၀) ဆေးရုံကြီးအတွက် အရေးတကြီး လိုအပ်လျက်ရှိတဲ့ အထူးကုဆရာဝန်များ၊ သူနာပြုများ၊ ဓာတ်မှန်၊ ဓာတ်ခွဲခန်း၊ ဆေးဘက်ကျွမ်းကျင်ဝန်ထမ်းများ ခွင့်ပြုခန့်ထားပေးပါရန်နှင့် ဆေးသိုလှောင်ရုံနှင့် လူနာစောင့်နားနေဆောင်များ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ ပတ်သက်တဲ့ မေးခွန်းအား ဒေသခံမိဘပြည်သူများ၏ ဆန္ဒနှင့်အညီ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၁။**

**ဒေါက်တာဝင်းမြင့် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ မေးတဲ့ မေးခွန်း(၃)ခုကို တစ်ခုချင်းပြန်လည်ဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

ပထမဦးဆုံးမေးခွန်းကတော့ ရှမ်းပြည်နယ်၊ အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမောင်၏ မေးခွန်းအား ပြန်လည်ဖြေကြားခွင့်ပြုပါရန် တင်ပြပါတယ်။ ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့နယ်၊ ဆာလုကျေးလက် ကျန်းမာရေးဌာနခွဲအား တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ရန် အမျိုးသားစီမံကိန်းနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ (၃-၂-၂၀၁၅) ရက်စွဲပါစာအမှတ်၊အမစ-၂/၄၁(၃၄၀/၂၀၁၅) ဖြင့် (၂၉-၁-၂၀၁၅)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် စီမံကိန်းနှင့်ဖွံ့စည်းပုံ စိစစ်ရေးအဖွဲ့၏ အစည်းအဝေးမှာ ထောက်ခံပြီးဖြစ်ပါ၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အရာထမ်း(၂)ဦး၊ အမှုထမ်း(၁၇)ဦး၊ စုစုပေါင်း(၁၉)ဦးဖြင့် တိုက်နယ်ဆေးရုံ ဖွင့်လှစ်ခွင့် ရရှိရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ဒုတိယမေးခွန်းဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ မကွေးတိုင်း ဒေသကြီး၊ အမှတ်(၁၂)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ၏ မေးခွန်းအား ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ ဒီဖြေကြားချက်ကတော့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းရဲ့ ဖြေကြားချက်ပေါ်မှာ ကိုးကားပြီးကျန်းမာရေးဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားခြင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းရဲ့(၁၁-၈-၁၉၉၇)ခုနှစ် ကျင်းပသည့် ကြက်ခြေနီ ဗဟိုကောင်စီအစည်းအဝေးဆုံးဖြတ်ချက်အရ လည်းကောင်း၊ (၄၅)ကြိမ်မြောက် ဗဟိုကောင်စီ ပုံမှန်အစည်းအဝေးဆုံးဖြတ်ချက်အရ လည်းကောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဖွဲ့စည်းရေးအား ၁၉၉၈ ခုနှစ် ဇွန်လ(၈)ရက်နေ့ ရက်စွဲပါစာအမှတ်ဖြင့် ဖွဲ့စည်းခဲ့သော တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ ကြက်ခြေနီကြီးကြပ်မှုကော်မတီများနှင့် မြို့နယ်ကြက်ခြေနီ အသင်းများတွင် ရပ်မိရပ်ဖများ ပါဝင်ဖွဲ့ စည်းထားခြင်းမရှိသော်လည်း ပိုမိုတွင်ကျယ်စွာ ဆောင်ရွက်နိုင်ရေးအတွက် (၅-၁၂-၂၀၀၇) ရက်စွဲပါ စာဖြင့် ရပ်မိရပ်ဖ(၂)ဦးစီ တိုးချဲ့ပါဝင်ဖွဲ့စည်းရန် ညွှန်ကြားချက် ထုတ်ပြန်ခဲ့ပြီး တိုင်းဒေသကြီး၊ ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီအားလုံးအား ၂၀၁၄ ခုနှစ် ဒီဇင်ဘာ(၃၁)ရက်နေ့ အပြီး ဖွဲ့စည်းရန် ၁၄-၁၁-၂၀၁၄ ရက်စွဲပါစာအမှတ်ဖြင့် အကြောင်းကြားပြီး ဖြစ်ပါတယ်။

နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် မြို့နယ်ကြက်ခြေနီအသင်းများတွင် ရပ်မိရပ်ဖများ တိုးချဲ့ပါဝင် ဖွဲ့စည်းထားပြီး ဖြစ်သော်လည်း မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၂၅)မြို့နယ်အနက် မြို့နယ်(၁၄)မြို့နယ်ရှိ မြို့နယ်ကြက်ခြေနီ အသင်းအမှုဆောင်အဖွဲ့များတွင် ရပ်မိရပ်ဖများတိုးချဲ့ ပါဝင်ဖွဲ့စည်းထားပြီး ဖြစ်ပါတယ်။

သို့ရာတွင် ဂန့်ဂေါမြို့နယ်နှင့် ကျန်(၁၀)မြို့နယ်များမှာ ရပ်မိရပ်ဖများ ထည့်သွင်းဖွဲ့စည်းရန် ကျန်ရှိနေသေးသဖြင့် ဖွဲ့စည်းရန်ကျန်ရှိနေသော တိုင်းဒေသကြီး၊ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအား ၁၄-၁၁-၂၀၁၄ ရက်စွဲပါစာဖြင့် ၃၁-၁၂-၂၀၁၄ အပြီးဖွဲ့စည်းရန် အကြောင်းကြားထားပြီး ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။

တတိယမေးခွန်းကို ဖြေဆိုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ အမှတ်(၁၂)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှိုင်ဦးရဲ့မေးခွန်းကို ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ် ခုတင်(၂၀၀) ဆံ့ဆေးရုံအတွက် ကျွန်တော်တို့ အထူးကုဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်များ၊ ခန့်အပ်ပြီးတဲ့ အခြေအနေမှာ လက်ရှိအခြေ အနေအရ

ဆေးပညာခွဲစိတ်၊ သားဖွား၊ မီးယပ်၊ ကလေး၊ မေ့ဆေး၊ အရိုး၊ မျက်စိ၊ ခတ်မှန် စတဲ့ အရေးကြီးတဲ့ အထူးကုဘာသာရပ်များမှာ အားလုံး အထူးကုဆရာဝန်ကြီးများ ခန့်ထားပြီးဖြစ်ပါတယ်။ ကျန်ရှိနေသေးတဲ့ ရောဂါဗေဒနှင့် နား၊ နှာခေါင်း၊ လည်ချောင်း၊ အထူးကုဆရာဝန်များကိုတော့ ကျွန်တော်တို့ ဒီလစ်လပ်တဲ့အပေါ်မှာ မူတည်ပြီးတော့မှ အထူးကုဆရာဝန်များ လုံလောက်မှုရှိတဲ့အခါမှာ ဆက်လက် ခန့်ထား ဦးစားပေးခန့်ထားပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြား တင်ပြအပ်ပါတယ်။

ထို့အပြင် သူနာပြုအုပ်ကြီးတစ်ဦး ခန့်ထားပြီးဖြစ်တဲ့အပြင် သူနာပြုဆရာမကြီးတွေအနေနဲ့ ဇန်နဝါရီလ(၈)ရက်နေ့မှာ ၂၀၁၅ ဇန်နဝါရီလ(၈)ရက်နေ့မှာ ထပ်မံ(၈)ဦး ခန့်ထားပြီးတဲ့အတွက် လစ်လပ်(၃)ဦးသာ ကျန်ရှိတော့မှာ ဖြစ်ပါတယ်။ ကျန်တဲ့လစ်လပ်နေတဲ့ အထက်တန်းသူနာပြုနဲ့ သူနာပြု တွေကိုတော့ ပြန်လည်ပြီးတော့ ဆက်လက်ပြီးတော့ ခန့်ထားပေးသွားမှာဖြစ်ပါတယ်။

လက်ရှိ (၁၁-၁၂-၂၀၁၄) ရက်မှာ သူနာပြုသစ်လွင်(၉၄)ဦးကို ဧရာဝတီတိုင်းဒေသကြီးကို ခန့်ထားပေးပြီးဖြစ်တဲ့အတွက် လုပ်ငန်းလိုအပ်ချက်အရ လပွတ္တာကို ထပ်မံခန့်ထားပေးသွားမည် ဖြစ်ပါ ကြောင်း တိုင်းအစီအစဉ်နဲ့ ခန့်ထားပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ နောက် ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့ ကျွမ်းကျင်အနေနဲ့ကတော့ ခတ်မှန်ကျွမ်းကျင် လောလောဆယ် (၂)ဦး ခန့်ထားပေးပြီးဖြစ်ပါတယ်။ ခတ်ခွဲကျွမ်းကျင်(၃)ဦး ခန့်ထားပေးပြီး ဖြစ်ပါတယ်။

သို့သော် ခတ်မှန်ကျွမ်းကျင်တွေအနေနဲ့ကတော့ ဧရာဝတီတိုင်းဒေသကြီးမှာ သင်တန်းပေး ထားတဲ့ လူ(၄)ဦးရှိတဲ့အတွက် ဒီ သင်တန်းပြီးဆုံးချိန်မှာ ထပ်မံပြီးတော့ ခတ်မှန်ကျွမ်းကျင်တွေကို ခန့်ထားဖို့ စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပြီး ခတ်ခွဲကျွမ်းကျင်ကတော့ ကျွန်တော်တို့ မကြာခင်မှာ (၃၅၅)ဦး၊ သင်တန်းဆင်းတဲ့အခါမှာ လပွတ္တာမြို့နယ်ကို ဦးစားပေးပြီး ခန့်ထားပေးသွားမည် ဖြစ်ပါ ကြောင်း တင်ပြအပ်ပါတယ်။

နောက် လပွတ္တာမြို့နယ်၊ ကွကွလေးကျေးရွာအုပ်စုနဲ့ ကျွန်တော်တို့ လပွတ္တာမြို့နယ်၊ ကညင် ကွင်းကျေးရွာအုပ်စုတို့မှာတော့ ကျေးလက်ကျန်းမာရေးဌာနခွဲများ ဖွင့်လှစ်ရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ စီစဉ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနဲ့ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ လပွတ္တာ ဆေးရုံမှာ ဆေးဂိုဒေါင်ဆောက်ဖို့အတွက် ၂၀၁၅-၂၀၁၆ မှာ ဘတ်ဂျက် သိန်း(၄၀၀)ကျပ် လျာထားပေးပြီး ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၈ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၃ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၃။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်က မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၁၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က) အရ မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ ဒုတိယစာရင်းစစ်ချုပ် က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၇။**

**ဦးမျိုးမြင့် (ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ပြည်ထောင်စုစာရင်းစစ်ချုပ်ကိုယ်စား ကျွန်တော် ဒုတိယစာရင်းစစ်ချုပ်က မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကြီးမှာ ဆွေးနွေးစဉ်းစားပေးပါရန် အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက ကျင့်သုံးဆောင်ရွက်နေတဲ့ လက်ရှိမြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကို ၁၉၇၇ ခုနှစ်မှာ ဦးစွာပြဋ္ဌာန်းခဲ့ပါတယ်။ ၁၉၉၄ ခုနှစ်မှာ အသစ်ရေးဆွဲ အစားထိုးပြဋ္ဌာန်းခဲ့ပြီးတော့ ၂၀၀၁ ခုနှစ်မှာ ယင်းဥပဒေမှာ ဖြည့်စွက်ချက်တစ်ရပ်ကို ထည့်သွင်းပြီးတော့ ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါတယ်။ လက်ရှိအထိပဲ ဖြစ်ပါတယ်။ ယခုအခါမှာ ပြောင်းလဲလာတဲ့ အခြေအနေများအရ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေအသစ် ရေးဆွဲပြီးတော့ အစားထိုးပြဋ္ဌာန်းပေးရန် လိုအပ်လာပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးဟာ သက်ဆိုင်ရာ စာရင်းပညာရှင်များနဲ့ တိုင်ပင်ဆွေးနွေးပြီးတော့ မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကြမ်းကို ရေးဆွဲပြီးတော့ တင်ပြထားပါတယ် ခင်ဗျား။ သို့ပါ၍ မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကြီးက ဆွေးနွေးစဉ်းစားပေးပါရန် အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၂၀။**

**ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုဒုတိယစာရင်းစစ်ချုပ်က မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဒေါက်တာဝင်းမြင့်အောင် က ထောက်ခံပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေကြမ်းကို လက်ခံ ဆွေးနွေးစဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၂၁။**

**ဥက္ကဋ္ဌ။** ။ မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့်/မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေကြမ်းကို ဆွေးနွေး စဉ်းစားရန် -

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား တင်သွင်းခြင်း

**အချိန်၊ ၁၁း၂၁။**

**ဥက္ကဋ္ဌ။** ။ မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၁။**

**ဗိုလ်မှူးကြီး ခင်စိုး (တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြတဲ့ ဧည့်သည်တော်များ

အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် တပ်မတော်သားကိုယ်စားလှယ်၊ ဗိုလ်မှူးကြီး ခင်စိုးဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်း ကော်မတီကိုယ်စား မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြား တင်သွင်းသွားမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၅- ၇၁
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်၌ စတင်ဆွေးနွေးနိုင်ရန် ၂၁-၁-၂၀၁၅ ရက်နေ့တွင် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်း ကော်မတီသည် ယင်းဥပဒေကြမ်းကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ် များနှင့် ၂၈-၁-၂၀၁၅ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကြမ်းကို လေ့လာစိစစ်ရာ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြု ရေးအတွက် အရည်အချင်းပြည့်မီသော စာရင်းပညာရှင်များ ပေါ်ထွန်းလာရန်အတွက်လည်းကောင်း၊ စာရင်းကျွမ်းကျင်သူများ တိုးပွားလာစေရန်အတွက်လည်းကောင်း၊ စာရင်းပညာ ခေတ်မီတိုးတက် စေရန်အတွက်လည်းကောင်း၊ စာရင်းလုပ်ကိုင်သူများ၏ ကျင့်ဝတ်သိက္ခာမြင့်မားရေးနှင့် စာရင်း လုပ်ငန်းအရည်အသွေး ပြည့်မီရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန်အတွက် လည်းကောင်း၊ အစိုးရ နှင့် ပုဂ္ဂလိကကဏ္ဍ နှစ်ရပ်လုံး၏ ဘဏ္ဍာရေးအစီရင်ခံခြင်းကို အပြည်ပြည်ဆိုင်ရာစာရင်းကိုင်စံ၊ စာရင်းစစ်စံများနှင့်အညီ ဆောင်ရွက်နိုင်စေရန်အတွက် လည်းကောင်း၊ ရည်ရွယ်၍ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးက ပြုစုရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ပိုမိုပြည့်စုံသည့် ဥပဒေ တစ်ရပ်အဖြစ် ပြဋ္ဌာန်းနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြရာ အောက်ပါအချက်များကို ပြင်ဆင်ရန် သဘောတူညီမှုရရှိခဲ့ပါသည် -

(က) မူလဥပဒေကြမ်းတွင် ပါရှိသော လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်) ဆိုသည့် စကားရပ်ကို လက်မှတ်ရစာရင်းကိုင် ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်(ပြည့်) ဆိုသည့်စကားရပ်ကို ပြည်သူ့စာရင်းကိုင် ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ သင်ကြားမှု စာရင်းလုပ်ငန်း ဆိုသည့် စကားရပ်ကို စာရင်းပညာသင်ကြားမှုလုပ်ငန်း ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အသီးသီး အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။ စာရင်းကောင်စီ ဖွဲ့စည်းခြင်း အတွက် ပုဒ်မ ၄၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃)ကို ပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ) ဟု ပြောင်းလဲအမှတ်စဥ်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား တိုင်း ဒေသကြီး နှင့် ပြည်နယ်စာရင်း စစ်ချုပ်များ ------ အဖွဲ့ဝင် ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၄၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၇) ကို ပုဒ်မ ၄၊ ပုဒ်မခွဲ (ဆ) ဟု

ပြင်ဆင်ပြီး (၅)ဦးထက်မပိုသော စီးပွားရေး တက္ကသိုလ်မှ ပါမောက္ခချုပ်များ --- အဖွဲ့ဝင် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၁၁) ကို ပုဒ်မ ၄၊ ပုဒ်မခွဲ(ဍ) ဟု ပြင်ဆင်ပြီး ညွှန်ကြားရေးမှူး ချုပ်၊ စီမံရေးရာ၊ လေ့ကျင့်ရေးနှင့် သုတေသနဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အတွင်းရေးမှူး ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၄၊ ပုဒ်မခွဲ(ခ) ကို ပုဒ်မ ၄၊ ပုဒ်မခွဲ(ဌ) ဟု ပြင်ဆင်ပြီး မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းမှ အတွင်းရေးမှူး တွဲဖက်အတွင်းရေးမှူး ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၊ ပုဒ်မခွဲ(ဂ)ကို ပုဒ်မ ၅ ဟု ပြင်ဆင်ပြီး ကောင်စီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ (၄)နှစ်ဖြစ်သည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ) ကို ပုဒ်မ ၅ ဟု ပြင်ဆင်ပြီး ပုဒ်မ ၅ ၏ အောက်တွင် ပုဒ်မ ၆ အဖြစ်လည်းကောင်း၊ ပုဒ်မ ၇ ကို ပုဒ်မ ၉ ဟုပြင်ဆင်ပြီး ပုဒ်မ ၉ ၏ အောက်တွင် ပုဒ်မ ၁၀ အဖြစ်လည်းကောင်း အောက်ပါအတိုင်း အသီးသီး အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

၆။ ကောင်စီသည် ဥပဒေနှင့်အညီ လွတ်လပ်စွာ ရပ်တည်ဆောင်ရွက်သော အဖွဲ့အစည်း ဖြစ်သည်။

၁၀။ ကောင်စီသည် သက်တမ်းကုန်ဆုံးသည့်အခါ ပြန်လည်ဖွဲ့စည်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ကောင်စီဝင်တစ်ဦးဦး လစ်လပ်ပါက ပြန်လည်ရွေးချယ် တာဝန်ပေးအပ်ခြင်းဆိုင်ရာ ကိစ္စရပ်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) မူလဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဃ) တွင် ဖော်ပြထားသော စကားရပ်များအစား မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းမှ ကိုယ်စားလှယ်ကောင်စီ အဖွဲ့ဝင်(၆)ဦး ဟု လည်းကောင်း၊ မူလ ပုဒ်မ ၈၊ ပုဒ်မခွဲ (ဃ)ကို ပုဒ်မ ၁၁၊ ပုဒ်မခွဲ(ဃ) ဟု ပြင်ဆင်ပြီး ပုဒ်မ ၁၁၊ ပုဒ်မခွဲ(ဃ) ၏ အောက်တွင် ပုဒ်မ ၁၁၊ ပုဒ်မခွဲ (င) အဖြစ် အခြားကောင်စီ အဖွဲ့ဝင်(၅)ဦး” ဟု လည်းကောင်း၊ မူလ ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(င) ကို ပုဒ်မ ၁၁၊ ပုဒ်မခွဲ(စ) အဖြစ် ပြင်ဆင်ပြီး ပုဒ်မ ၁၁၊ ပုဒ်မခွဲ(စ) ၏ အောက်တွင် ပုဒ်မခွဲ (ဆ) အဖြစ် ကောင်စီတွဲဖက် အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးဟုလည်းကောင်း၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ(ခ) တွင် ဖော်ပြထားသော အခါအားလျော်စွာ ဖွင့်လှစ်သည့် သင်တန်းများ ဆိုသည့် စကားရပ်ကို အခြားသင်တန်းများ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ခ) ကို ပုဒ်မ ၁၉၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂) ဟု ပြင်ဆင်ပြီး သင်ရိုးညွှန်းတမ်း ကော်မတီ ဟုလည်းကောင်း၊ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)ကို ပုဒ်မ ၁၉၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၃) ဟု ပြင်ဆင်ပြီး စာစစ်ကော်မတီ ဟု လည်းကောင်း၊ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(င)ကို၊ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၅) ဟု ပြင်ဆင်ပြီး စာရင်းစစ်လုပ်ငန်းဆိုင်ရာ စောင့်ကြည့်စစ်ဆေးရေး ကော်မတီဟု လည်းကောင်း၊ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဇ) ကို ပုဒ်မ ၁၉၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၆) အဖြစ် ပြင်ဆင်ပြီး စာရင်းကိုင်လုပ်ငန်းဆိုင်ရာ စောင့်ကြည့်စစ်ဆေးရေး ကော်မတီ

ဟု လည်းကောင်း၊ မူလဥပဒေ ပုဒ်မ ၂၁ ကို ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ခ) အဖြစ် ပြင်ဆင်ပြီး ပုဒ်မခွဲ(က) တွင် ဖော်ပြသည့် ကော်မတီများ၏ သက်တမ်းသည် ကောင်စီ၏ သက်တမ်း အတိုင်းဖြစ်သည် ဟု အသီးသီးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။ မူလ ဥပဒေ ပုဒ်မ ၂၀ ကို ပုဒ်မ ၂၀၊ ပုဒ်မခွဲ(က) အဖြစ် ပြောင်းလဲအမှတ်စဥ်ပြီး ပုဒ်မ ၂၀၊ ပုဒ်မခွဲ (က) ၏ အောက်တွင် ပုဒ်မ ၂၂ ကို ပုဒ်မ ၂၀၊ ပုဒ်မခွဲ(ခ) အဖြစ် ပုဒ်မခွဲ(က) တွင် ဖော်ပြ သည့် အဖွဲ့နှင့် ကော်မတီ၏ တာဝန်နှင့် သက်တမ်းသည် ကောင်စီက သတ်မှတ်သည့် အတိုင်းဖြစ်သည် ဟု အသီးသီးအစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) မူလဥပဒေ ပုဒ်မ ၂၃ နှင့် ပုဒ်မ ၂၄ ကို ပုဒ်မ ၂၂ အဖြစ် ပြောင်းလဲအမှတ်စဥ်ပြီး ဒီပလိုမာ စာရင်းကိုင်သင်တန်းနှင့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် သင်တန်းများကို ကောင်စီက ဖွင့်လှစ်သည့် သင်တန်းကျောင်း သို့မဟုတ် ဤဥပဒေပုဒ်မ ၂၈ အရ ကောင်စီက ဖွင့်လှစ် ခွင့်ပြုသည့် ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းများတွင် သင်ကြား ပို့ချရမည်ဟု လည်းကောင်း၊ ပုဒ်မ ၅၅ ကို ပုဒ်မ ၄၈ အဖြစ် ပြောင်းလဲအမှတ်စဥ်ပြီး ကောင်စီသည် စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်ပေးရန် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင် သက်တမ်းတိုးရန် လျှောက်ထားသူ၏ လျှောက်လွှာကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီပါက လျှောက်ထားသူကို မှတ်ပုံတင်ကြေး သို့မဟုတ် သက်တမ်းတိုးကြေး ပေးသွင်းစေ၍ မှတ်ပုံတင်ခွင့် သို့မဟုတ် သက်တမ်းတိုးခွင့် ပြုရမည်ဟု လည်းကောင်း၊ အခန်း(၁၄) အခန်းခေါင်းစဥ်ကို နိုင်ငံခြားသား စာရင်းပညာရှင်အား စာရင်းလုပ်ငန်း လုပ်ကိုင်ခွင့်ပြုခြင်း ဟု လည်းကောင်း၊ ပုဒ်မ ၆၆ ကို ပုဒ်မ ၅၈ ဟု ပြောင်းလဲအမှတ်စဥ်ပြီး ပုဒ်မ ၅၇ အရ မှတ်ပုံတင်ပြီးသည့် နိုင်ငံခြားသား စာရင်းပညာရှင်ကို စာရင်းလုပ်ငန်း လုပ်ကိုင်ခွင့် လျှောက်ထားစေလျက် သတ်မှတ်ချက်များနှင့်အညီ စိစစ်ခွင့်ပြုရမည် ဟု လည်းကောင်း ပြင်ဆင်အစားထိုးသင့်ကြောင်းနှင့် ပုဒ်မ ၇၉ ကို ပုဒ်မ ၆၉ ဟု ပြင်ဆင်ပြီး ပုဒ်မ ၆၉ ၏ အောက်တွင် ပုဒ်မ ၇၀ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့် ကြောင်း လေ့လာတွေ့ရှိရပါသည် -

၇၀။ စာရင်းကိုင် အလုပ်သင်သည် -

(က) အလုပ်သင်စာချုပ်ပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည်။

( ခ ) ကောင်စီသို့ အကြံပြုခွင့်ရှိသည်။

( ဂ ) နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည်။

(ဃ) မူလဥပဒေပုဒ်မ ၈၆၊ ပုဒ်မခွဲ (က) ကို ပုဒ်မ ၇၇၊ ပုဒ်မခွဲ (ဃ) အဖြစ် ပြောင်းလဲအမှတ် စဥ်ပြီး အတည်ပြုခြင်းဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ မူလဥပဒေပုဒ်မ ၈၆၊ ပုဒ်မခွဲ (ဃ)ကို ပုဒ်မ ၇၇၊ ပုဒ်မခွဲ (က) အဖြစ် ပြောင်းလဲအမှတ်စဥ်ပြီး ပြန်လည်စုံစမ်း စစ်ဆေးခြင်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။ ခေတ်ကာလနှင့် လျော်ညီသော ပြစ်ဒဏ်များချမှတ်နိုင်ရန်အတွက် မူလ ဥပဒေကြမ်း ပုဒ်မ ၉၇ ကို ပုဒ်မ ၈၈ အဖြစ် အမှတ်စဥ်ပြီး လုပ်ငန်းအဖွဲ့အစည်း စီမံ ခန့်ခွဲသူသည် ပုဒ်မ ၇၉ သို့မဟုတ် ပုဒ်မ ၈၀ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်

ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်ဟုလည်းကောင်း၊ ပုဒ်မ ၉၈ ကို ပုဒ်မ ၈၉ ဟု အမှတ်စဉ်ပြီး စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်သူသည် ပုဒ်မ ၈၁ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ် ရမည် ဟု လည်းကောင်း၊ ပုဒ်မ ၉၉ ကို ပုဒ်မ ၉၀ အဖြစ် အမှတ်စဉ်ပြီး မည်သူမဆို ပုဒ်မ ၈၂ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု လည်းကောင်း၊ ပုဒ်မ ၁၀၁ ကို ပုဒ်မ ၉၂ အဖြစ် အမှတ်စဉ်ပြီး မည်သူမဆို ပုဒ်မ ၈၄ သို့ မဟုတ် ပုဒ်မ ၈၅ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာထက် မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု လည်းကောင်း၊ပုဒ်မ ၁၀၂ ကို ပုဒ်မ ၉၃ ဟု အမှတ်စဉ်ပြီး မည်သူမဆို ပုဒ်မ ၈၆ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် ဟု လည်းကောင်း၊ ပုဒ်မ ၁၀၃ ကို ပုဒ်မ ၉၄ အဖြစ် အမှတ်စဉ်ပြီး မည်သူမဆို ပုဒ်မ ၈၇ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု လည်းကောင်း၊ မူလဥပဒေ ပုဒ်မ ၁၀၇ ကို ပုဒ်မ ၉၈ ဟု အမှတ်စဉ်ပြီး ပုဒ်မ ၉၈ ၏အောက်တွင် ပုဒ်မ ၉၉ အဖြစ် နိုင်ငံ့ ဝန်ထမ်း မဟုတ်သည့် ကောင်စီဝင်များ၊ ကောင်စီကဖွဲ့စည်းသည့် ကော်မတီနှင့် အဖွဲ့ များ၏ အဖွဲ့ဝင်များသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည် ဟု အသီးသီး အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

(င) မူလဥပဒေကြမ်း ပုဒ်မ ၂ (ဍ)(တ)(ဒ)(ဓ)၊ ပုဒ်မ ၈ ခြေဆင်း၊ ပုဒ်မ ၁၃ (ဂ)(ဃ)(ဒ)၊ ပုဒ်မ ၁၇(ခ)(ဈ)(ည)၊ ပုဒ်မ ၃၈၊ ပုဒ်မ ၃၉ (ခ)၊ ပုဒ်မ ၄၈ (ခ)၊ ပုဒ်မ ၅၀၊ ပုဒ်မ ၆၀ ခြေဆင်း၊ ပုဒ်မ ၆၀(က)၊ ပုဒ်မ ၆၃ ခြေဆင်း (က)(ခ)(ဂ) (ဃ)(င)၊ ပုဒ်မ ၇၅ ခြေဆင်း၊ ပုဒ်မ ၇၅ (က)၊ ပုဒ်မ ၇၇(ဋ)၊ ပုဒ်မ ၇၈ (က)၊ ပုဒ်မ ၈၂(ခ)(ဂ)၊ ပုဒ်မ ၈၄ (က)(ခ)၊ ပုဒ်မ ၈၅ တို့ကို အရေးအသား ကျစ်လစ်မှုရှိစေရန်အတွက် အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

(စ) မူလဥပဒေကြမ်း ပုဒ်မ ၂ (န)၊ ပုဒ်မ ၃(ဂ)၊ ပုဒ်မ ၄(က)ခြေဆင်း၊ ပုဒ်မ ၅(ခ)(ဂ)(စ)၊ ပုဒ်မ ၉၊ ပုဒ်မ ၁၃(စ)(ဋ)၊ ပုဒ်မ ၁၈(က)၊ ပုဒ်မ ၁၉ ခြေဆင်း၊ ပုဒ်မ ၃၉(ဂ)(ဃ)(င)(စ)၊ ပုဒ်မ ၅၄၊ ပုဒ်မ ၅၆၊ ပုဒ်မ ၅၇၊ ပုဒ်မ ၅၈၊ ပုဒ်မ ၆၁ခြေဆင်း၊ ပုဒ်မ ၆၁(က)(ခ)(ဂ)၊ ပုဒ်မ ၇၇ (င)၊

အခန်း ၁၇ ခေါင်းစဉ်၊ ပုဒ်မ ၉၀၊ ပုဒ်မ ၁၀၄ (ခ)၊ ပုဒ်မ ၁၀၇ တို့ကို မြန်မာစာအရေးအသား အသုံးအနှုန်းမှန်ကန်မှု ရှိစေရန်အတွက် ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဆ) မူလဥပဒေကြမ်း ပုဒ်မ ၁၃(၄)(ဃ)၊ ပုဒ်မ ၁၇ (က)(င)(ဇ)၊ ပုဒ်မ ၂၀၊ ပုဒ်မ ၂၆၊ ပုဒ်မ ၂၉ (က)(ဃ)၊ ပုဒ်မ ၃၅၊ ပုဒ်မ ၃၆၊ ပုဒ်မ ၃၇၊ ပုဒ်မ ၆၀(ခ)၊ ပုဒ်မ ၆၂၊ ပုဒ်မ ၆၅၊ ပုဒ်မ ၆၇၊ ပုဒ်မ ၆၈၊ အခန်း (၁၅) အခန်းခေါင်းစဉ်၊ ပုဒ်မ ၇၀(ဂ)၊ ပုဒ်မ ၇၇ (စ)၊ ပုဒ်မ ၈၈၊ ပုဒ်မ ၉၆၊ ပုဒ်မ ၁၀၆ တို့ကို အဓိပ္ပာယ်ပိုမိုပေါ်လွင်မှုရှိစေရန်အတွက် ပြင်ဆင်အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဇ) မူလဥပဒေကြမ်း ပုဒ်မ ၁၀၊ ပုဒ်မ ၁၇(ဆ)၊ ပုဒ်မ ၁၈ ခြေဆင်း၊ ပုဒ်မ ၃၉ (က)၊ ပုဒ်မ ၄၈ (က)၊ ပုဒ်မ ၈၂ ခြေဆင်း၊ ပုဒ်မ ၈၃၊ ပုဒ်မ ၉၂၊ ပုဒ်မ ၁၀၈၊ ပုဒ်မ ၁၀၉ (က)(ခ) တို့ကို ဥပဒေရေးထုံးမှန်ကန်စေရန်အတွက် ပြင်ဆင်အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဈ) မူလဥပဒေကြမ်း ပုဒ်မ ၄(ဃ)၊ ပုဒ်မ ၁၃(ထ)(ဓ)၊ ပုဒ်မ ၁၄၊ ပုဒ်မ ၁၅၊ ပုဒ်မ ၁၆၊ ပုဒ်မ ၁၇ (စ)(ဋ)၊ ပုဒ်မ ၁၈ (ဃ)၊ ပုဒ်မ ၂၅၊ ပုဒ်မ ၂၉(ခ)(ဂ)၊ ပုဒ်မ ၃၁၊ ပုဒ်မ ၃၂(က)(ဂ)(စ)၊ ပုဒ်မ ၄၅၊ ပုဒ်မ ၅၁၊ ပုဒ်မ ၅၅(က)(ခ)(ဂ)၊ ပုဒ်မ ၅၉၊ ပုဒ်မ ၇၂၊ ပုဒ်မ ၇၃ တို့ကို မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ည) မြန်မာစာလုံးပေါင်းသတ်ပုံနှင့် အရေးအသားအသုံးအနှုန်းမှန်ကန်မှု ရှိစေရန်အတွက်လည်းကောင်း၊ ဥပဒေရေးထုံးမှန်ကန်မှုရှိစေရန်အတွက်လည်းကောင်း၊ အဓိပ္ပာယ်ပိုမိုပြည့်စုံ စေရန်အတွက်လည်းကောင်း၊ အရေးအသားကျစ်လစ်စေရန်အတွက်လည်းကောင်း၊ ညှိနှိုင်းပြင်ဆင်ခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ပြင်ဆင်ခဲ့သည့်အတွက် ပြောင်းလဲသွားသည့် အမှတ်စဉ်များကိုလည်း တစ်ပါတည်းပြင်ဆင်ခဲ့ပြီးဖြစ်ပါကြောင်းနှင့် ပြင်ဆင်ချက်အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကြမ်းကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူပုဂ္ဂိုလ်များ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်အဖွဲ့ဝင်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်၍ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအစီရင်ခံအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီနဲ့ ဒုတိယစာရင်းစစ်ချုပ်က နည်းနည်းလေးကြည့်ပေးပါ။ စာမျက်နှာ ၂ (ခ) အပိုဒ်၊ စာမျက်နှာ ၂ (ခ) မူလဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဃ)တွင် ဖော်ပြထားသော စကားရပ်များအစား မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းမှ ကိုယ်စားလှယ် ကောင်စီအဖွဲ့ဝင်(၆)ဦး လက်ရှိခေါ်ဝေါ်တဲ့ အသုံးအနှုန်း ဖြစ်ပါလိမ့်မယ်၊ လက်မှတ်ရက။ တကယ်လို့ ဆက်သုံးမယ်ဆိုရင် ဒါ အလုပ်သင် မဆင်းရသေးတဲ့ လူတွေချည်းပဲ။ ဒီအသင်းမှာဆိုတဲ့ အဓိပ္ပာယ်ရောက်သွားမှာပေါ့။ ဒါက အေးအေးဆေးဆေးမှ ညှိနှိုင်းပြီးတော့ ပြန်ပြင်လို့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အသင်း

နာမည်ပါ ပြောင်းရမယ့် သဘောရှိတာပေါ့နော်။ နောက် မှားသွားနိုင်တဲ့အခါမှာ သူက အလုပ်သင် မဆင်းရသေးတဲ့ လူချည်းပဲ အသင်းဖြစ်နေတယ်။ တကယ်လို့ လက်မှတ်ရမပါဘူးဆိုရင်တော့ အသင်းရဲ့ စည်းမျဉ်းအရ အလုပ်သင်ဆင်းပြီးသားရော၊ အလုပ်သင်မဆင်းရသေးရော အကုန်လုံး ဝင်ဆံ့နိုင်တဲ့ သဘောရှိတာပေါ့။ ပြန်စဉ်းစားပါ။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၃၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၀-၂-၂၀၁၅ (အင်္ဂါနေ့) ထက်နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) ၏ မြန်မာနိုင်ငံ၏ အနာဂတ် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးမှုတွင် မျှတခြေရှိ၍ အာမခံနိုင်သောစီမံကိန်းများ (Justifiable Power Projects) ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၃၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် က မြန်မာနိုင်ငံ၏ အနာဂတ် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးမှုတွင် မျှတခြေရှိ၍ အာမခံနိုင်သောစီမံကိန်းများ (Justifiable Power Projects) ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားပါရန်နှင့် စပ်လျဉ်းသည့် အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဦးမျိုးမြင့် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၆။**

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ အားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မြန်မာနိုင်ငံ၏ အနာဂတ် လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးမှုတွင် မျှတခြေရှိ၍ အာမခံနိုင်သောစီမံကိန်းများ (Justifiable Power Projects) ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ၂၁-၂-၂၀၁၃ ရက်နေ့ ကျင်းပခဲ့တဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့မှာ ကိုယ်စားလှယ်တစ်ဦးရဲ့ လျှပ်စစ်ထုတ်ယူမှု နည်းစနစ်တစ်မျိုးနဲ့ ဆက်စပ်တဲ့ အဆိုအပေါ် ပါဝင်ဆွေးနွေးခဲ့စဉ်က ယနေ့ နိုင်ငံတကာမှာ လျှပ်စစ်ဖွံ့ဖြိုးမှုအတွက် ထုတ်ယူရရှိနိုင်မယ့် နည်းလမ်းများကို Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့ပါတယ်။ အခု ကျွန်တော်တို့ Slide 1 နဲ့ Slide 1 A တို့ဖြင့် ပြန်လည်ဖော်ပြအပ်ပါတယ်။ Slide 1 နဲ့ Slide 1 A ၊ ဖော်ပြပါ နည်းလမ်းများမှာ သက်ဆိုင်ရာနိုင်ငံရဲ့ အရင်းအမြစ် အခြေအနေ အရပ်ရပ် အခွင့်အလမ်းပေးမှု၊ စီးပွားရေး တောင့်တင်းခိုင်မာမှု၊ နည်းပညာပိုင်းဆိုင်ရာ လက်တွေ့ အကောင်အထည်ဖော်နိုင်စွမ်းရှိမှု စသည်တို့အပေါ်မှာ မူတည်ပါတယ်။ လေ့လာဆန်းစစ်ထားချက်များ အရ (အေဒီဘီ ဂျပန်နိုင်ငံ ဂျိုက်ပ်) တို့ ဆန်းစစ်ထားမှုများအရ နိုင်ငံရဲ့ စွမ်းအင်အရင်းအမြစ်များကို Slide-2 နဲ့ ကျွန်တော် ဖော်ပြထားပါတယ်။ Slide-2 မှာဆိုလို့ရှိရင် ကျွန်တော်တို့ ရေအားလျှပ်စစ်၊ ရေနံစိမ်း၊ သဘာဝဓာတ်ငွေ့၊ ကုန်းတွင်းပိုင်း၊ ကမ်းလွန်ပိုင်း၊ ကျောက်မီးသွေး၊ လေ၊ နေရောင်ခြည် စသည်ဖြင့် ကျွန်တော် Slide-2 မှာ ဖော်ပြထားပါတယ်။ အသေးစိတ် ကျွန်တော် မဖတ်ကြားတော့ပါဘူး။

မြန်မာနိုင်ငံအနေနဲ့ အတိတ်နဲ့ ပစ္စုပ္ပန်ကာလများမှာ ကျောက်မီးသွေး (Coal)၊ သဘာဝ ဓာတ်ငွေ့ (Natural Gas)၊ ရေအား (Hydropower) နဲ့ ဇီဝပစ္စည်း (Bio-mass) အနည်းငယ်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်သုံးစွဲမှုများနဲ့သာ နီးစပ်ယဉ်ပါးလျက် ရှိနေပါသေးတယ်။ လက်ရှိ အခြေအနေနဲ့ အချိန်အခါမှာ ရေပန်းစားနေတဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy) မှ နေရောင်ခြည်သုံးစွမ်းအင် (Solar Power)နှင့် လေစွမ်းအင် (Wind Power) တို့ဟာ အနာဂတ် ဆယ်စုနှစ် တစ်ခုအတွင်းမှာ အားကိုးလောက်ပြီး ယုံကြည်စိတ်ချစွာ သုံးစွဲနိုင်မယ့် အဆင့် ဖြစ်နိုင်ချေ နည်းသေးတယ် လို့ ကျွန်တော် ယူဆပါတယ်။ သို့သော် လက်ရှိအခြေအနေမှ စတင်ပြီးတော့ အဆိုပါကဏ္ဍများဟာလည်းပဲ အရေးပါတဲ့အလျောက် ရေရှည်ရှင်သန်ဖွံ့ဖြိုးစေမှုအတွက် အဆင့်လိုက် အကောင်အထည်ဖော်လာ စေရေး အပတ်တကုတ် ကြိုးပမ်းအားထုတ်ကြရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ၂၀၁၂-၂၀၁၃ ခုနှစ်အတွင်း မှာ နိုင်ငံတော် ဓာတ်အားစနစ် National Grid ၎င်းနဲ့ သီးခြားဓာတ်အားစနစ် ပြင်ပ (OFF-Grid) များမှ ဓာတ်အားထုတ်ယူမှု နည်းစနစ်များအလိုက် စက်အရေအတွက်၊ စက်တပ်ဆင်အင်အား ထုတ်လုပ် ဖြန့်ဖြူးမှု အခြေအနေများကို Slide 3 နဲ့ Slide 4 တို့ဖြင့် တင်ပြအပ်ပါတယ်။ ဓာတ်အားစနစ်အတွင်းမှာ ရှိတဲ့ ရေအားလျှပ်စစ်၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး စုစုပေါင်း (၃၆၁၄.၉)ဓာတ်အားစနစ် ပြင်ပမှာ ရှိတဲ့ ဒီဇယ်သုံးဓာတ်အားပေးစက် အသေးစားတွေဟာ (၁၁၂) စုစုပေါင်း တစ်နိုင်ငံလုံးဆိုရင် ၂၀၁၂-၂၀၁၃ ခုနှစ်အတွင်းမှာ (၃၇၂၇.၂၂၉)မဂ္ဂါဝပ် ရှိကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ ပထမ အကြိမ် လွှတ်တော်များ သက်တမ်းအတွင်းမှာ လျှပ်စစ်ကဏ္ဍနဲ့ ဆက်စပ်ပြီး အတော်များများ ကိုလည်း ဆွေးနွေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်တော် ယခု အဆိုကို တင်သွင်းရန် ရည်ရွယ်ခဲ့ခြင်းမှာ လျှပ်စစ် ဓာတ်အား ထုတ်လုပ်ခြင်း (Generation)၊ သယ်ပို့ခြင်း (Transmission)၊ ဖြန့်ဖြူးခြင်း (Distribution ) စသည်တို့နဲ့ ဆက်စပ်ပြီး လျှပ်စစ်သုံးစွဲကြတဲ့ ကဏ္ဍပေါင်းစုံမှာ မပြေလည် မှုများ စီမံဆောင်ရွက်ချက် အတော်များများအပေါ် အစဉ် အနုတ် လက္ခဏာဆောင်တဲ့ ရှုထောင့်အမြင်များ၊ ဝေဖန်ချက်များဟာ ၂၀၁၄ ခုနှစ်အတွင်းမှာ

ခပ်စိပ်စိပ်ဖော်ပြထွက်ပေါ်လာခဲ့ခြင်းများကို လေ့လာတွေ့ရှိရလို့ ကျွန်တော် ဉာဏ်မီသမျှ ပြန်လည်တင်ပြလို၍ ဖြစ်ပါတယ်။

ယခုလို ဖြစ်စဉ်များအပေါ် လျှပ်စစ်ကဏ္ဍနဲ့ ဆက်စပ်လို့ ဘာသာရပ်ပိုင်းဆိုင်ရာမှာ အတိုင်းအတာတစ်ခုအထိ အကျွမ်းတဝင် ရှိမှုတို့ဖြင့် အပြုသဘောဆောင်လျက် ထုတ်ဖော်ခြင်းများ ပါဝင်သကဲ့သို့ ခြေခြေမြစ်မြစ် သိရှိသင့်သလောက် မသိရှိကြဘဲ မိမိတို့ ဖြစ်စေချင် တာများကို ထုတ်ဖော်ခြင်းများလည်း ပါဝင်လျက်ရှိနေတယ်လို့ သုံးသပ်လိုပါတယ်။ လျှပ်စစ်ဟာ လူမှု စီးပွားဘဝမြှင့်တင်ရာမှာ အခရာကျလို့ မိမိတို့ တစ်ဦးချင်း၊ တစ်ဖွဲ့ချင်းစီအနေဖြင့် စိတ်ဝင်စားကြတယ် ဆိုတာအပေါ်မှာ နားလည်ထားပြီးဖြစ်တဲ့အတွက် မည်သို့မျှ အငြင်းပွားရန်လည်း မလိုပါဘူး။ နိုင်ငံ အတွက် လျှပ်စစ်လိုအပ်ချက်နေ့ချင်းညချင်း ရုတ်ချည်း ဖြစ်ပေါ်လာတဲ့ ပြဿနာလို့ ဆိုပြီးတော့ မိမိလိုရာ ကောက်ချက်ဆွဲချရန် ဆိုတဲ့အချက်ကိုတော့ ဝေဖန်ပိုင်းခြား စဉ်းစားရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အုပ်ချုပ်သူ အစိုးရအဖွဲ့အဆင့်ဆင့်ဟာ မိမိတို့ရဲ့ အတိုင်းအဆဖြင့် ကြိုးပမ်းအားထုတ်လာခဲ့ကြရာမှာ အချိန်ကာလနဲ့ ယှဉ်တွဲဖြစ်ထွန်းလာခဲ့တဲ့ လျှပ်စစ်ပြဿနာကို အတတ်နိုင်ဆုံး ဖြေရှင်းဆောင်ရွက်ခဲ့ကြတဲ့ ပြယုဂ်များကိုလည်း ဖျောက်ဖျက်၍ မရနိုင်တာ တွေ့ရှိကြရမှာဖြစ်ပါတယ်။ ယနေ့ နိုင်ငံတကာနဲ့ နှိုင်းယှဉ်ပါက လက်ရှိဖြစ်ပျက်နေတဲ့ လျှပ်စစ်ကဏ္ဍ ဟာ မည်မျှ နိမ့်ကျနေတယ်ဆိုတာ အားလုံး သိရှိနားလည်ကြပြီး ဖြစ်ပါတယ်။ ဒါကြောင့် အိမ်နီးချင်းနိုင်ငံများနဲ့ နှိုင်းယှဉ်သိရှိနိုင်ဖို့အတွက် Slide 5 ဖြင့် တင်ပြထားပါတယ်။ အဲဒီမှာဆိုရင် မြန်မာ့ အောက်မှာဆိုရင် ကမ္ဘောဒီယား လူတစ်ဦးချင်း သုံးစွဲနိုင်မှု (131)Kilo Watt Hour ပေါ့ယူနစ်ပဲ ရှိပါတယ်။ ကျွန်တော် အသေးစိတ် မဖတ်တော့ပါဘူး။ ဒ့ါအပြင် မြန်မာနိုင်ငံနဲ့ အိမ်နီးချင်းနိုင်ငံအချို့ရဲ့ လူတစ်ဦးချင်းစီ အသားတင်ကုန်ထုတ်လုပ်မှုနဲ့ ဓာတ်အားခ နှုန်းထားများ ဖော်ပြအခြေအနေ GDP per Capita and Electricity Tariff ကိုလည်း သိရှိနိုင်ရန် တင်ပြထားပြီးတော့ ချင့်ချိန်သုံးသပ်နိုင်ကြမယ်လို့ ယူဆပါတယ်။ Slide 2 မှာ ဖော်ပြထားတာဆိုလို့ရှိရင် ကျွန်တော်တို့ မြန်မာနိုင်ငံဟာဆိုရင် Per Capita မှာ GDP ဟာဆိုရင် (၁၀၀၀)ရဲ့ အောက်မှာ ရှိနေပြီးတော့ ဒါ ဘယ်ဘက်က လက်ဝဲဘက်က ဓာတ်အား တစ်ယူနစ် US Cent (၃.၅)ဝန်းကျင် ရှိပါတယ်။ အဲဒါကြောင့် အနိမ့်ဆုံး ဖြစ်နေပါတယ်။ ဒါဟာ ကျွန်တော်တို့ GDP World Development Index ကနေပြီးတော့ ရရှိတာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တည်းတင်ပြလိုတာကတော့ မြန်မာနိုင်ငံရဲ့ ပေါကြွယ်ဝတဲ့ လျှပ်စစ်ထုတ်ယူသုံးစွဲနိုင်မယ့် အရင်းအမြစ်များအနက် လက်ရှိထိတွေ့ ယဉ်ပါးလျက်ရှိတဲ့ (က)ရေအားလျှပ်စစ် (ခ)ကျောက်မီးသွေး (ဂ) သဘာဝဓာတ်ငွေ့များနဲ့ဆက်စပ်တဲ့ အခြေအနေများကို သိရှိသုံးသပ်နိုင်ကြရန် တင်ပြလိုပါတယ်။ အကြီးစားစီမံကိန်းများကို ပတ်ဝန်းကျင် ထိခိုက်မှု၊ ဆန်းစစ်ချက်များ အသေးစိတ် ပြုလုပ်နိုင်ရန် ယာယီ အစီအစဉ်အနေဖြင့် ချန်လှပ်ထားပါက ၂၀၁၀-၂၀၁၁ မှ ၂၀၃၀-၂၀၃၁ ထိ နှစ် (၂၀)လျှပ်စစ် မဟာဗျူဟာ စီမံကိန်းအတွက် (၁၅၆၀၀)မဂ္ဂါဝပ် ထုတ်ယူ သုံးစွဲနိုင်ရန် ခန့်မှန်းထားတာ တွေ့ရှိရပါတယ်။ Slide 7 တို့ဖြင့် တင်ပြပါတယ်။ ကျွန်တော် အသေးစိတ် ဖတ်ကြား ခြင်း မပြုတော့ပါဘူး၊ အချိန် ငဲ့ညှာသောအားဖြင့်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအမျိုးအစားဖြစ်တဲ့ ကျောက်မီးသွေးက လျှပ်စစ်ထုတ်လုပ်ရရှိ အသုံးပြုနိုင်မယ့်အခြေအနေကိုလည်း ဆက်လက် တင်ပြလိုပါတယ်။ မြန်မာနိုင်ငံရဲ့ ကျောက်မီးသွေး ချိုင့်ဝှမ်းများ (Coal Basins)ကို Slide 8 ၊ ကျောက်မီးသွေးမိုင်းများ (Coal Mines) ကို Slide 9 သူ့ဒေသ

အလိုက်ပါ။ ကျောက်မီးသွေးထုတ်လုပ်ဖြန့်ဖြူးမည့်အစီအစဉ် (Coal Supply Plan) ကို Slide 10 ၊ အဲဒီမှာဆိုရင် ကျောက်တန်း၊ သီလဝါ၊ ကွမ်းခြံကုန်း၊ ငပုတော၊ ပစ္စည်းသယ်ယူဖို့ ပြည်ပကနေပြီးတော့ ဘယ်လိုယူမယ်ဆိုတဲ့စနစ် (၂၁၅၀) မဂ္ဂါဝပ် ရှိပါတယ်။ နောက် ဘုတ်ပြင်း၊ ငရုပ်ကောင်း၊ ကျိုင်းတုံ၊ ကလေးဝ စုစုပေါင်းဆိုလို့ရှိရင် (၁၁၄၀)ဆိုရင် ကျောက်မီးသွေးလျှာထားတဲ့ စက်ရုံတွေအားလုံးဟာဆိုရင် (၄၃၃၀) မဂ္ဂါဝပ် ရှိမယ့် ဆက်စပ်သယ်ယူမယ့်အစီအစဉ်ကို ဖော်ပြခြင်း ဖြစ်ပါတယ်။ နောက် Slide 11 မှာဆိုလို့ရှိရင် ဒါက ပြည်တွင်း တည်ထားတဲ့စက်ရုံတွေနဲ့ဆိုလို့ရှိရင် ပြည်တွင်းထွက် ထုတ်လုပ်မှုနဲ့တင် မလုံလောက်ဘဲနဲ့ ပြည်ပမှ တင်သွင်းရမယ့်အခြေအနေကို ဖော်ပြတဲ့ ဂရပ် ဖြစ်ပါတယ်။

ငင်းနောက် တတိယအမျိုးအစားဖြစ်တဲ့ သဘာဝဓာတ်ငွေ့ဖြင့် လျှပ်စစ်ထုတ်ယူရရှိနိုင်တဲ့ အခြေအနေနဲ့ ကဏ္ဍကြီးများအလိုက် ဓာတ်ငွေ့ဖြန့်ဖြူးရေးရဲ့ အခြေအနေကို Slide 12 အဲဒါနဲ့ ဖော်ပြထားပါတယ်။ Slide 12 မှာ ဆိုလို့ရှိရင် ဒါ သူ့ရဲ့ Gas ကို ထုတ်လုပ်ဖြန့်ဖြူးပေးတဲ့အခါမှာ Private Factory တွေ၊ LPG (Refinery) ၊ ဓာတ်မြေဩဇာ (CNG)၊ အစိုးရစက်ရုံ လျှပ်စစ် စသည်ဖြင့် ဖော်ပြထားတဲ့အခါမှာ ဓာတ်မြေဩဇာ စုစုပေါင်းရဲ့ (၇.၈)ရာခိုင်နှုန်း ရှိပြီးတော့ (CNG)ဟာ (၇.၂)ရာခိုင်နှုန်း၊ အစိုးရစက်ရုံများက (၂၀)ရာခိုင်နှုန်းနဲ့ လျှပ်စစ်ကဏ္ဍမှာ (၆၀.၄)ရာခိုင်နှုန်းရှိပြီးတော့ ကျန်တဲ့ကဏ္ဍတွေမှာတော့ ရာနှုန်းတော်တော်များပဲ ဖြန့်ဖြူးပေးလျက်ရှိတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

နောက်တစ်ခါ မြန်မာနိုင်ငံအတွင်းမှာ ဓာတ်အားထုတ်လုပ်ရေးကို အထောက်အကူပြုတဲ့ ဓာတ်ငွေ့ ပိုက်လိုင်းများရဲ့ သွယ်တန်းထားမှုအခြေအနေကိုလည်း Slide 13 မှာ ပြထားပါတယ်။ ပြည်တွင်းသုံးစွဲဖို့ အတွက်ဆိုရင် (၂၂၇၈) မိုင် ရှိပါတယ်။ ပြည်ပပို့တဲ့ဟာဆိုရင် (၁၁၀၃) မိုင် ရှိပြီးတော့ စုစုပေါင်း (၃၃၈၁)မိုင် ရှိကြောင်းကို ဖော်ပြထားပါတယ်။ Slide 13 ဟာဆိုလို့ရှိရင် ပိုက်လိုင်းသွယ်တန်းမှု၊ မြန်မာနိုင်ငံရဲ့ (Slide 13-A) မှာ ဆိုလို့ရှိရင် ဒါ Lay-out of Gas ပိုက်လိုင်းကို ဖော်ပြခြင်း ဖြစ်ပါတယ်။ လက်ရှိ ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများနဲ့ တိုးချဲ့တည်ဆောက်လာတဲ့ စက်ရုံများမှ နှစ်တိုနှစ်ရှည် ထုတ်လုပ်နိုင်မယ့် လျှပ်စစ်ဓာတ်အားအတွက် သဘာဝဓာတ်ငွေ့နဲ့ စက်သုံးဆီလိုအပ်ချက် ဘဏ္ဍာရေးနှစ် (၂)ခုအတွက်ကို Slide 14 နဲ့ ပြထားပါတယ်။ ဒါ အပြာအထောင်လိုင်းကတော့ Power Supply ၂၀၁၄-၂၀၁၅ ။ ပန်းရောင်ကတော့ Power Supply ၂၀၁၃-၂၀၁၄ ဖြစ်ပြီးတော့ ဂရပ်ကတော့ ပန်းရောင်နဲ့ အပြာဟာဆိုရင် ဆီနဲ့ ဓာတ်ငွေ့၊ နှစ်အလိုက်ကို အောက်မှာဖော်ပြတဲ့ နှစ်အလိုက် လိုအပ်ချက်ကို ဖော်ပြထားခြင်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံ အမျိုးသား စွမ်းအင်စီမံခန့်ခွဲမှုကော်မတီ (National Energy Management Committee) ကော်မတီအနေနဲ့ စွမ်းအင်ဆိုင်ရာမူဝါဒများ ချမှတ်လျက် ကာလတို၊ ကာလရှည် စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ JICA၊ ဂျပန်နိုင်ငံ NEWJEC The Kansai Electric Power ကုမ္ပဏီကြီးတို့ ပူးပေါင်းပြီးတော့ စွမ်းအင်မဟာစီမံချက် (Master Plan) ကို လုံလောက်တဲ့အချိန်တစ်ခု ရအောင် ရေးဆွဲဆောင်ရွက်လာတာလည်း တွေ့ရှိရပါတယ်။

ဆက်လက်၍လည်း အိမ်နီးချင်းနိုင်ငံများရဲ့ လျှပ်စစ်စွမ်းအင် အရင်းအမြစ်အလိုက် ပြောင်းလဲတိုးတက် ထုတ်လုပ်မှုအခြေအနေကို Slide 15 ဖြင့် တင်ပြထားပါတယ်။ မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ပါကစ္စတန်၊ ဗီယက်နမ်၊ ဖိလစ်ပိုင် တို့မှာကြည့်လို့ရှိရင် ကျွန်တော်တို့ နှစ်အလိုက်ကို

တိုးတက်ပြီးတော့ ကဏ္ဍမျိုးစုံက ထုတ်လုပ်ထားတဲ့ဟာကို ဒါပြခြင်း ဖြစ်ပါတယ်။ အပေါ်ဆုံးအရောင်ကာလာကတော့ Renewable၊ Nuclear၊ Hydropower၊ Oil and Gas၊ နောက် Coal ပေါ့။ ကျောက်မီးသွေးနဲ့ ထုတ်တာမှာ နိုင်ငံတိုင်းဟာဆိုရင် အရှိန်အဟုန်ဖြင့် လုပ်နေပါတယ်။ ဒီနေ့ ကမ္ဘောဒီးယားနဲ့ မြန်မာနိုင်ငံဟာဆိုရင် အောက်ခြေအဆင့်က အရှိန်ယူကာစပဲ ရှိနေကြောင်းကို တွေ့ရပါတယ်။

ယခင်က ရေးဆွဲခဲ့တဲ့ ၂၀၀၅-၂၀၀၆ ခုနှစ်မှ ၂၀၃၀-၂၀၃၁ ခုနှစ်ထိ နှစ်(၃၀) လျှပ်စစ်မဟာဗျူဟာရဲ့ ကာလတို (၅)နှစ်စီမံကိန်း (၆)ကြိမ်မှာ လျာထားလျှပ်စစ် (၄၂၄၂၆.၅) မဂ္ဂါဝပ်ရှိ လျှပ်စစ်မဟာဗျူဟာစီမံချက်နဲ့ အခုဟာ တူညီသော အစီအမံများ ပါဝင်သကဲ့သို့ အချိန်ကာလ ပြောင်းလဲလာခြင်းနဲ့အတူ ကွဲပြားခြားနားသော အစီအမံများ၊ ရည်မှန်းချက်များ ပါဝင်ပြီး ဖြစ်ပါတယ်။ သို့သော်လည်းပဲ ယနေ့ အမျိုးသား စွမ်းအင်စီမံခန့်ခွဲမှုကော်မတီ ရဲ့ လျှပ်စစ်မဟာစီမံချက် (Master Plan)ကို ခရေစေ့တွင်းကျလေ့လာခြင်း၊ သုံးသပ်ဝေဖန်ခြင်းတို့ ပြုလုပ်ပြီး နောက်တွင်သာ လူပုဂ္ဂိုလ်တစ်ဦးချင်း၊ အဖွဲ့အစည်းတစ်ဖွဲ့ချင်းစီက မိမိတို့၏အမြင်ဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများ (Environmental Impacts) ကုစားနိုင်မယ့်နည်းလမ်းများ၊ အစီအမံများ၊ (Mitigation Measures) အနာဂတ်မျိုးဆက်တို့ရဲ့ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မယ့် အခွင့်အရေးများ၊ အစဉ်ရှင်သန်နေတဲ့ ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) ရယူဖန်တီးပေးကြရန် လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လျှပ်စစ်ဓာတ်အားပေးစက်ရုံများနဲ့ ဆက်နွှယ်တဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများကိုလည်း အနည်းငယ် ဆွေးနွေးလိုပါတယ်။ ၁၉၇၅ ခုနှစ်မတိုင်မီက ယနေ့ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများဖြစ်ကြတဲ့ အမေရိကန်၊ ကနေဒါ၊ ဥရောပနိုင်ငံများ၊ ဩစတြေးလျနိုင်ငံ စတဲ့ နိုင်ငံများမှာ လူသုံးရေ၊ စိုက်ပျိုးရေးသုံးရေ၊ စက်မှုလုပ်ငန်းများသုံးရေ စသည်တို့ ရရှိရေး နည်းလမ်းပေါင်းစုံနဲ့၊ အထူးသဖြင့် တမံကြီးများ တည်ဆောက်မှုတို့ မြင့်မားစွာဖြင့် လုပ်ဆောင်လာခဲ့ခြင်းများနဲ့အတူ ရေအားလျှပ်စစ်စက်ရုံများကိုပါ တည်ဆောက်ပြီး လျှပ်စစ်ထုတ်လုပ်ခဲ့ကြပါတယ်။

၁၈၇၉ ခုနှစ်မှာ အမေရိကန်နိုင်ငံမှ Thomas Alpha Edison ဟာ လျှပ်စစ်မီးလုံးစတင်တီထွင်ခဲ့ပြီးတဲ့နောက်မှာ ၁၈၈၂ ခုနှစ်ဝန်းကျင်မှာ (Fox River)ပေါ် ရေလှောင်တမံ တစ်ခုတည်ဆောက်ပြီးတော့ ကမ္ဘာ့ပထမဆုံးရေအားလျှပ်စစ်စက်ရုံ စတင် တည်ဆောက် အသုံးပြုခဲ့ပါတယ်။ တစ်ဖန် ၁၉၇၅ ခုနှစ်နောက်ပိုင်း တရုတ်၊ အိန္ဒိယ၊ ဘရာဇီး၊ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း၊ တူရကီ၊ အီဂျစ်နိုင်ငံများဟာ တမံကြီးများတည်ဆောက်မှု အရှိန်မြင့်လျက် စိုက်ပျိုးရေး၊ လျှပ်စစ်သုံး ထုတ်လုပ်ရေး၊ စက်မှုလုပ်ငန်းသုံးရေး စသည်တို့အတွက် လုပ်ဆောင်လာခဲ့ကြပါတယ်။ ဒီလိုလုပ်ဆောင်ကြဖို့ ကမ္ဘာ့နိုင်ငံအသီးသီးမှာ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနဲ့ဆက်နွှယ်ဖြစ်ရပ်များကို အသံကျယ်လောင်စွာ အော်ဟစ်လာခဲ့ကြပါတယ်။ ၁၉၇၂ ခုနှစ်၊ ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့မှာ ကမ္ဘာ့ကုလသမဂ္ဂက ကြီးမှူးကျင်းပတဲ့ လူသားများရဲ့ ပတ်ဝန်းကျင်ကွန်ဖရင့် (Human Environmental Conference) မှာ ဆွေးနွေးခဲ့ကြပါတယ်။

ဒီမှာ တမံတည်ဆောက်မှု၊ ထောက်ခံမှုများက အောက်ပါများကို ထောက်ပြခဲ့ကြပါတယ်။ အိမ်သုံးစက်မှု၊ လုပ်ငန်းသုံးရေ သေချာစွာ ရရှိခြင်း၊ စိုက်ပျိုးရေ လိုအပ်ချိန်တွင်ရရှိ၍ စိုက်ပျိုးသီးနှံထုတ်လုပ်မှု တိုးတက်ခြင်း၊ ရေကြီးမှု၊ မိုးခေါင်မှု ကာကွယ်ပေးခြင်း၊ ရေအားလျှပ်စစ်နဲ့ ရေကြောင်း

သွားလာမှု ဖွံ့ဖြိုးတိုးတက်ခြင်း၊ နေ့စဉ် သောက်သုံးရေအတွက် ဒုက္ခကြီးစွာ သယ်ဆောင်နေကြရသော အမျိုးသမီးများ၊ ကလေးများရဲ့ လူမှုဘဝ မြှင့်တင်ပေးခြင်း၊ ယနေ့ခေတ် နည်းပညာ မြင့်မားလာချိန်တွင် ဒီဇိုင်းပိုင်းဆိုင်ရာ (EIA ၊ SIA ၊ HIA)များကို သေချာစွာ လေ့လာဆန်းစစ်မှုနဲ့ ဆောင်ရွက်ပါက ဆိုးကျိုးထက် ကောင်းကျိုးက သာလွန်ကြောင်းတွေ့ရှိရခြင်း စသည်တို့ ဖြစ်ကြ ပါတယ်။

နိုင်ငံတကာ INGO များအပါအဝင် နိုင်ငံတကာ အစိုးရအဖွဲ့အစည်းများဟာ ၂၀၀၀ ပြည့်နှစ် (The Hague) မှာကျင်းပတဲ့ (Second World Water Forum)မှာရော၊ Kyoto မှာကျင်းပတဲ့ ၂၀၀၃ ခုနှစ်၊ (Third World Water Forum) မှာပါ ထောက်ခံသူများနဲ့ ဆန့်ကျင်သူများဟာ နောက်ပိုင်းတွင် အချိန်ကြာမြင့်စွာ အငြင်းပွားလာခဲ့ကြရာ သိပ္ပံနည်းကျ၍ ကျိုးကြောင်းဆီလျော်မှု အခြေခံအရ တမံ ထောက်ခံသူများက ဆန့်ကျင်သူများအပေါ် လွှမ်းမိုးနိုင်ခဲ့ကြောင်းလေ့လာ တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်တင်ပြချက်၊ ဆွေးနွေးချက်များအတွက် သတ်မှတ်ချိန်ထက် အနည်းငယ်ကျော်လွန်ပါက ခွင့်ပြုပေးပါရန်လည်း ကြိုတင်မေတ္တာရပ်ခံအပ်ပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံကြီး များက ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးမှုအထောက်အကူပြု စီမံကိန်းကြီးများ ရေအား၊ ကျောက်မီးသွေး၊ ဓာတ်ငွေ့ စသည်တို့ကို အားရအောင် တစ်လျှောက်လုံး ဆောင်ရွက်လုပ်ကိုင်လာခဲ့ကြပြီးနောက် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို ရှေ့တန်းတင်ပြီး အဟန့်အတား ပြုလုပ်လာခဲ့ကြပါတယ်။ လုပ်ငန်းတိုင်းမှာ ဆိုးကျိုးနှင့် ကောင်းကျိုးဆိုတာ အစဉ်ဒွန်တွဲနေပါတယ်။ စီမံကိန်းတစ်ခုရဲ့ EIA အစီရင်ခံစာဟာ ဆိုးကျိုးနှင့် ကောင်းကျိုး (၂)မျိုးလုံးဆိုင်ရာ အမျိုးအစား အတိုင်းအတာ နေရာဒေသဖြန့်ကျက်မှု၊ အချိန်အတိုင်းအတာ တို့ကို (၁၀၀)ရာခိုင်နှုန်းအထိ မှန်ကန်အောင် ခွဲခြားဖို့ ဆိုတာ အလွန်ခက်ခဲလှပါတယ်။ နိုင်ငံတကာ စံနှုန်းများအရ စီမံကိန်းမတည်ဆောက်မီ (၇၀)ရာခိုင်နှုန်းမှ (၇၅)ရာခိုင်နှုန်းအထိ မှန်ကန်နိုင်သော်လည်းပဲ စီမံကိန်းပြီးစီးတဲ့နောက်ပိုင်း ဆက်လက်လေ့လာဆန်းစစ်ရန် (၂၅) ရာခိုင်နှုန်းကနေ (၃၀) ရာခိုင်နှုန်းအထိ ကျန်ရှိမယ်လို့ ဆိုကြပါတယ်။

ဒါကြောင့် ယနေ့ နိုင်ငံတိုင်းရှိအဖွဲ့အစည်း၊ အုပ်စု အသီးသီးအကြား စိုက်ပျိုးရေး၊ စက်မှု လုပ်ငန်းဖွံ့ဖြိုးမှုလုပ်ငန်းများ အပါအဝင် အခြားဘက်စုံ စီးပွားရေးကဏ္ဍဖွံ့ဖြိုးမှုများအတွက် အဓိကကျတဲ့ လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲရာမှာ ၎င်းနဲ့ဆက်စပ်တဲ့ ရေအားလျှပ်စစ် စီမံကိန်းကြီး/ငယ်များ၊ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများကို သားစဉ်မြေးဆက် အကျိုးခံစားနိုင်မယ့် အစဉ်ရှင်သန် ဖွံ့ဖြိုးတိုးတက်မှု အတွက် မျှတခြေရှိသော (Justifiable)၊ ဘက်ပေါင်းစုံမှ ဖြစ်မြောက်နိုင်စွမ်းရှိသော feasible၊ ပတ်ဝန်းကျင်နဲ့ မိတ်ဖက်နိုင်သော (Environmentally Friendly) စီမံကိန်းများကို လုပ်ဆောင် နိုင်ရေး အားပေးကြရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ အကြီးစားရေအားလျှပ်စစ် စီမံကိန်းများ တည်ဆောက်မှုကြောင့် သဘာဝ ပတ်ဝန်းကျင်အပေါ် ထိခိုက်ရိုက်ခတ်မှုများ အကြီးစား၊ အလတ်စား၊ အသေးစား ရေလှောင်တမံများ ဟာလည်း နွေရာသီ အကျိုးမပြုမှု၊ ကမ္ဘာပေါ်တွင် ရေအားလျှပ်စစ်ကို အခြေခံဝန်အား (Base Load) အဖြစ်၊ အသုံးမပြုကြဘဲ ယခုမူ (၇၀)ရာခိုင်နှုန်းခန့်အထိ အသုံးပြုနေမှု၊ သံလွင်မြစ်ဝှမ်းတစ်လျှောက် ပြတ်ရွေ့များ (Faults) ကြောင့် ငလျင်လှုပ်ခတ်နိုင်မှုနှင့် တမံကြီးများ ပျက်စီး၍ သဘာဝဘေးဒုက္ခ ကျရောက်နိုင်မှုစတဲ့ အနုတ်လက္ခဏာအမြင် ရှုထောင့်ကချည်း ဝေဖန်လျက်ရှိနေကြတာ တွေ့ရှိရပါတယ်။

၁၉၆၀ ပြည့်နှစ်ကတည်းက မိုးပြဲရေလှောင်တမံကြီးဟာ ရှမ်းပြည်နယ်၊ ကယားပြည်နယ် များရဲ့ စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ၊ ရေကြောင်းသွားလာမှု၊ ရေထွက်ပစ္စည်းပွားများလာမှု၊ ခရီးသွား လုပ်ငန်းဖွံ့ဖြိုးလာမှု စသည်တို့မှာ မည်မျှ အထောက်အကူပြုလျက်ရှိကြောင်းကို ယနေ့တိုင် တွေ့မြင်ကြ ရဆဲ ဖြစ်ပါတယ်။ နိုင်ငံတကာမှာ မည်သည့် ရေအားလျှပ်စစ်စက်ရုံကမျှ အခြေခံဝန်အား ထမ်းဆောင်ခြင်း မရှိကြပါဘူး။ နေ့စဉ် ဝန်အားအများဆုံးအချိန် (Peaking hours) မှာ Peak Load လုပ်ထမ်းဆောင် ရသော (Peaking Power stations) များသာ ဖြစ်ကြပါတယ်။

၂၀၀၅-၂၀၀၆ ခုနှစ်ဝန်းကျင်အထိ ရေအားလျှပ်စစ်စက်ရုံများမှ တစ်နိုင်ငံလုံး ဓာတ်အား ဖြန့်ဖြူးမှု (၃၀)ရာခိုင်နှုန်းကိုသာ တာဝန်ယူခဲ့ကြတယ်လို့ သိရှိရပါတယ်။ ယနေ့ မြန်မာနိုင်ငံရဲ့ အခြား အရင်းအမြစ်များဖြစ်တဲ့ ကျောက်မီးသွေး၊ ဓာတ်ငွေ့၊ လေ၊ နေရောင်ခြည်တို့မှ လျှပ်စစ် လုံလောက်စွာ ထုတ်ယူမရရှိလို့ ရေအားလျှပ်စစ်ကဏ္ဍဟာ ဘောလုံးသင်းတစ်သင်းရဲ့ ရှေ့တန်းတိုက်စစ်မှူးများက အောက်ဘက် ခံစစ်သို့ဆင်း၍ ပံ့ပိုးနေရတဲ့သဘောဖြစ်တာကို နားလည်ရန် လိုအပ်ပါတယ်။

တစ်ဖန် ရှမ်းပြည်နယ် ကျောက်ကြမ်းပြတ်ရွှေ့ အန္တရာယ်ကို မီးမောင်းထိုးပြထားရာ ခေတ်မီ သိပ္ပံနည်းပညာ အခြေခံဒီဇိုင်းစနစ်များ အသုံးချလျက်ရှိတဲ့ ယနေ့ကမ္ဘာမှာ ငလျင်နဲ့ အခြားလုံခြုံစိတ်ချရမှု (Safety) ဆိုင်ရာ ကာကွယ်မှု ဒီဇိုင်းအစီအမံများ (Design Criterion) လုံလောက်စွာ ထည့်သွင်း စဉ်းစားခြင်း မရှိတဲ့ ပညာရှင်များရယ်လို့ မရှိကြပါဘူး။ ကမ္ဘာကျော် စစ်ကိုင်း ပြတ်ရွှေ့ကြီး၊ စစ်ကိုင်း (Fault) ဟာ မြန်မာနိုင်ငံကို အရှေ့နဲ့အနောက် ထက်ခြမ်းပိုင်းပြီး မြောက်ဖျားမှ တောင်ဘက် ပင်လယ်အထိ ဖြတ်သန်းတည်ရှိနေတဲ့နေရာမှာ ဆည်မြောင်းစီမံကိန်း ကြီး/ငယ်များ၊ ရေအားလျှပ်စစ် စီမံကိန်းကြီးများကို ၎င်းပြတ်ရွှေ့နဲ့ တစ်မိုင်ကွာအတွင်းမှာ လိုအပ်တဲ့ ငလျင်ပညာရပ်ပိုင်းဆိုင်ရာ စဉ်းစားထားချက်များနဲ့ တည်ဆောက်ထားတာကို ယနေ့ အထင်အရှားတွေ့ရှိကြရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျောက်မီးသွေး အလွန်အကျွံ အသုံးပြုလျက် လျှပ်စစ်ထုတ်လုပ် လျက်ရှိတဲ့ ဖော်ပြပါနိုင်ငံများဟာ ၂၀၁၃ ခုနှစ်၊ ဂျပန်နိုင်ငံ Kyoto သဘောတူညီချက်၊ ယခုနောက်ဆုံး ကမ္ဘာ့ကုလသမဂ္ဂမှ ကြီးမှူးကျင်းပပြီး နိုင်ငံပေါင်း(၁၉၅)နိုင်ငံတက်ရောက်ခဲ့တဲ့ ပီရူးနိုင်ငံ၊ လီမာမြို့ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလမှာ ကမ္ဘာကြီးပူနွေးမှုကို ဖြစ်စေတဲ့ ဖန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လုပ်မှု လျှော့ချနိုင်ရန် သဘောတူညီချက် စသည်တို့တွင် ချက်ချင်းလက်ငင်း ဆောင်ရွက်အကောင်အထည် ဖော်မယ့် စီမံချက်မျိုး ပါဝင်ခြင်းမရှိပါ။ ၂၀၂၀ ပြည့်နှစ်တွင်သာ စတင် အသက်ဝင်ရန် ဆုံးဖြတ်ခဲ့ကြ ကြောင်း သိရှိရပါတယ်။ ၎င်းနိုင်ငံများကို Slide 16 ဖြင့် တင်ပြပါတယ်။ လက်ဝဲဘက်ကတော့ ကျောက်မီးသွေး သုံးစွဲမှုမြင့်မားတဲ့ နိုင်ငံတွေ ဖြစ်ပါတယ်။ လက်ယာဘက်ကတော့ ဖန်လုံအိမ်ဓာတ်ငွေ့ (Green House Gas-GHG) ထုတ်လုပ်တဲ့ မြင့်မားတဲ့ နိုင်ငံတွေ ဖြစ်ပါတယ်။

ကျောက်မီးသွေးဟာ ကမ္ဘာ့စွမ်းအင် ကဏ္ဍမှာ (၂၅)ရာခိုင်နှုန်း သုံးပြီးတော့ လျှပ်စစ်ကဏ္ဍမှာ ဆိုရင် တစ်ကမ္ဘာလုံးရဲ့ ကျောက်မီးသွေး (၄၀)ရာခိုင်နှုန်းကို အသုံးပြုထုတ်လုပ်လျက် ရှိတဲ့အခါမှာ မြန်မာ နိုင်ငံအနေနဲ့ ယနေ့ ဒါကို တွန့်ဆုတ်နေတဲ့ ဥစ္စာကတော့ စဉ်းစားဖို့သင့်တယ်ဆိုတာ ကျွန်တော် တင်ပြခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ အထူးသဖြင့် ရေအားလျှပ်စစ်စီမံကိန်းများဟာ ရင်းနှီးမြှုပ်နှံမှု ကြီးမားပြီးတော့ စီမံကိန်းအချိန်ကာလကြာမြင့်သော်လည်းပဲ ထုတ်လုပ်မှု စရိတ်စကမှာ

အခြားကဏ္ဍများထက် သက်သာမှုရှိပြီးတော့ ရေရှည်အသုံးခံကြောင်း တွေ့ရှိကြရမှာ ဖြစ်ပါတယ်။ ရေရှည်ကုန်ခန်းနိုင်ခြင်းမရှိတဲ့ ရေအရင်းအမြစ်များကို အသုံးပြုရလို့ ထာ၀စဥ် ရှင်သန်ဖွံ့ဖြိုးမှု (Sustainable Development) ရရှိနိုင်ခြင်း၊ ဥပမာ မိုးပြဲရေလှောင်ကန်နှင့် ဘီလူးချောင်း ဓာတ်အား ပေးစက်ရုံများ၊ ရဲရွာဓာတ်အားပေးစက်ရုံ စသည်တို့ကြောင့် ပြည်သူများ အမြင်ရှင်းရန် ချပြလျက် အခက်အခဲပေါင်းစုံကို ကျော်ဖြတ် ဆောင်ရွက်သင့်ပါတယ်။ ယနေ့ မြန်နိုင်ငံအတွင်း မှီတင်းနေထိုင်လျက် ရှိကြတဲ့ တိုင်းရင်းသား ပေါင်းစုံရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေမှုနဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချပပျောက်နိုင် ရန်မှာ အဓိကကျတဲ့ လျှပ်စစ်ဖွံ့ဖြိုးတိုးတက်မှုဟာ ထိပ်တန်းဦးစားပေးဖြစ်ပါတယ်။

၂၀၀၀ ပြည့်နှစ်၊ နို၀င်ဘာလအတွင်းမှာ လန်ဒန်မြို့တော်မှာ တမံများနဲ့ ဖွံ့ဖြိုးမှု ဆုံးဖြတ်ချက် ချမှတ်နိုင်ရန် အခြေခံမူဘောင်များ အစီရင်ခံစာ ထုတ်ပြန်ခြင်း အခမ်းအနား ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဲဒီအခမ်းအနားမှာ တောင်အာဖရိကနိုင်ငံ သမ္မတဟောင်း Nelson Mandela တက်ရောက် မိန့်ခွန်း ပြောကြားချက်ကို ကောက်နုတ်တင်ပြခွင့်ပြုပါ။ ၎င်းအချက်များကတော့ ပြဿနာအရင်းခံဟာ တမံတွေ မဟုတ်ပါဘူး။ ပြဿနာဟာ ငတ်မွတ်နေတာပါ။ သောက်သုံးရေမရှိတာ၊ တစ်မြို့လုံးအမှောင်ကျ နေတာ ဖြစ်ပါတယ်။ ကျေးရွာတွေရှိ နေအိမ်တွေမှာ ရေပေးဝေရေးစနစ် မရှိ၊ လျှပ်စစ်မီး မရှိ၊ သန့်ရှင်းတဲ့ အိမ်သာသုံးစနစ် မရှိတာက ပြဿနာတွေပါ၊ လူတွေဟာ ရေကိုသယ်ယူဖို့ အချိန်တွေကုန်နေတာက ပြဿနာပါ။ ဘယ်ဘာသာစကားနဲ့ပြောပြော လျှပ်စစ်မီးဟာ အမှန်တကယ် အလွန်အမင်းလိုအပ်နေ ပါတယ်ဆိုတာပါပဲ။ မိန့်ခွန်းမှာ အချက်အလက်တွေကတော့ လက်တွေ့ကျပြီး ထိမိလှပါတယ်။

ဒါကြောင့် ရရှိနိုင်မယ့် ဇစ်မြစ်များ Sources မှ သဘာဝအရင်းအမြစ်များ ရေအား၊ ကျောက်မီးသွေး၊ ဓာတ်ငွေ့၊ လေ၊ နေရောင်ခြည်တို့ကို အချိုးညီညီ အချိုးကျစီမံကွပ်ကဲရန် လွန်စွာမှ အရေးကြီးလှပါတယ်။ ပြည်ပမှ သွေးထိုးလှုံ့ဆော်ပေးနေကြတဲ့ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုဆိုင်ရာ အပေါ် မိမိတို့ရေ မြေသဘာဝ ယဥ်ကျေးမှုနဲ့ သဟဇာတဖြစ်တဲ့ ကုစားမှု အစီအမံများ Mitigation Measures ဖြင့် ချေဖျက်လျက် လျှပ်စစ်ရရှိရေးကို နည်းလမ်းပေါင်းစုံဖြင့် အကောင်အထည်ဖော်ရန်နှင့် ဒေသခံပြည်သူများမှ လက်ခံလာနိုင်ကြစေရန် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအနေနဲ့လည်း စည်းရုံးလုပ်ဆောင်သင့်တယ်လို့ ဆွေးနွေးတင်ပြလိုပါတယ်။ လျှပ်စစ်ကဏ္ဍ၊ လျှပ်စစ်ထုတ်ယူနိုင်တဲ့ ကဏ္ဍအလိုက် လျှပ်စစ်(၁)ယူနစ်ထုတ်လုပ်မှု ကုန်ကျစရိတ်များကိုလည်း Slide 17 ဖြင့် တင်ပြထား ပါတယ်။ ဘယ်ဘက်က ရေအားကဆိုလို့ရှိရင် (၆.၁)Cent ရှိပါတယ်။ ကျောက်မီးသွေး(၇.၈)၊ နောက် ကျောက်မီးသွေးတစ်မျိုးက(၉)၊ နောက် (Gas Turbine Combined Cycle (၁၁၀.၅)၊ နောက်တစ်ခါ Gas Turbine LNG နဲ့ မီးထွက်အောင်လုပ်မယ်ဆိုရင် (၁၅.၃) ဒီဇယ်နဲ့ဆိုလို့ရှိရင်(၁၇.၁)Cent ရှိတဲ့ ဥစ္စာကို ကျွန်တော်တို့ပြခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် ၂၀၃၀-၂၀၃၁ ခုနှစ် ကုန်ဆုံးမယ့် နှစ်(၂၀)လျှပ်စစ် မဟာဗျူဟာ စီမံကိန်းနဲ့ပတ်သက်ပြီးတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနဲ့ JICA တို့ ပူးပေါင်းပြုစုထားတဲ့ မဟာစီမံချက်အပေါ် အကန့်အသတ်ဘောင်အတွင်း အဖက်ဖက်မှ ဆန်းစစ်ပြီး နောက် နည်းပညာပိုင်း၊ အကောင်အထည်ပေါ်လာနိုင်စွမ်းရှိမှုအပိုင်း၊ နှစ်အလိုက် လိုအပ်ရန်ပုံငွေ ဖြည့်ဆည်းမှု မမျှော်မှန်းနိုင်သော အခက်အခဲ ပြဿနာများတို့နဲ့ ဆက်စပ်ပြီးတော့ ကျွန်တော် ခန့်မှန်း သုံးသပ်ချက်အရ ကွဲလွဲမှုအချို့ရှိနိုင်မည် ဖြစ်ပါတယ်။

သို့ရာတွင် မျှတချေရှိ၍ နိုင်ငံတော်နဲ့ အံဝင်မည့် လျှပ်စစ်ဖွံ့ဖြိုးမှု စီမံကိန်း ကြီးငယ်များကို လက်တွေ့ကျကျ ဆောင်ရွက်နိုင်ချေရှိမယ် ယူဆတဲ့ ၂၀၁၃-၂၀၁၄၊ အဲဒါ Slide 18 နဲ့ ပြထားပါတယ်။ (၁၆)ထိအောင်ကို၊ နောက် ၂၀၁၇ က၊ နောက် ၂၀၂၁ ထိ Slide 19 နဲ့ ပြထားပါတယ်။(၁၉)နဲ့၊ ၂၀၂၂ မှ ၂၀၂၆ နှစ်ထိကို Slide 20 နဲ့ ပြထားပါတယ်။ ၂၀၂၇-၂၀၃၁ ထိကို Slide 21 နဲ့ ပြထားပါတယ်။ ဒါကြောင့် ကဏ္ဍအလိုက် ဖော်ပြထားတဲ့စီမံကိန်းအချို့ဟာ လျာထားကာလကျော်လွန်ခြင်း၊ လက်တွေ့ ကျကျ ဖြစ်နိုင်စွမ်း နည်းပါးခြင်းစသည်တို့ကို ထည့်သွင်းစဥ်းစားပြီးနောက် လျှပ်စစ်ထုတ်လုပ်ရရှိနိုင်မယ့် အချိုးများအတွက် ပုံဖော်မှုအစီအစဥ် (၄)မျိုးပေါ့၊ Scenarios(၄)မျိုးကို ကျွန်တော် ဖော်ပြပြီးဖြစ်ပါတယ်။ ဒါကြောင့် ကောက်နုတ်ချက်အဖြစ်ကိုတော့ ဒါ Slide 22 မှာ ကြည့်လို့ရှိရင် အားလုံးကို ခြုံငုံပြီးတော့ တွေ့ရှိရမှာ ဖြစ်ပါတယ်။

ရေအားလျှပ်စစ်က နှစ်အလိုက်ဆိုလို့ရှိရင် ရေအားလျှပ်စစ်က ကျွန်တော်တို့ အနှစ်(၂၀) မဟာဗျူဟာ ကုန်ဆုံးတဲ့နှစ်မှာဆိုရင် (၂၅၄၇၅.၆)ဖြစ်သွား ပါမယ်။ ကျောက်မီးသွေးဟာဆိုရင်(၂၃၇၀.၀) မဂ္ဂါဝပ်၊ သဘာဝဓာတ်ငွေ့ဟာဆိုရင် (၄၀၉၃.၀၅)ဖြစ်ပြီးတော့ နေရောင်ခြည်က (၅၀)မဂ္ဂါဝပ် စုစုပေါင်း ဆိုရင် အနှစ်(၂၀)လျှပ်စစ် မဟာဗျူဟာစီမံကိန်းဟာ ကျွန်တော်မှန်းတာ (၃၁၉၈၈.၆၅) ရောက်ရှိနိုင်မယ် လို့ မျှော်လင့်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော့်အနေနဲ့ မြန်မာ နိုင်ငံ၏ အနာဂတ်လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးမှုတွင် မျှတခြေရှိ၍ အာမခံနိုင်သော စီမံကိန်းများ (Justifiable Power Projects) အောင်မြင်စွာ အကောင် အထည်ဖော် ဆောင်ရွက်သွားပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဥက္ကဋ္ဌကြီး မှတစ်ဆင့် လေးစားစွာ တင်သွင်းအပ် ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၀၄။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၀၄။**

**ဦးကံညွန့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ဦးမျိုးမြင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) ရဲ့ မြန်မာနိုင်ငံရဲ့ အနာဂတ်လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးမှုမှာ မျှတခြေရှိ၍ အာမခံနိုင်သော စီမံကိန်းများ (Justifiable Power Projects) ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၅) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးကံညွန့် မှ ထောက်ခံအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၂း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဦးမျိုးမြင့် တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ မြန်မာနိုင်ငံ၏ အနာဂတ် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးမှုတွင် မျှတခြေရှိ၍ အာမခံနိုင်သော စီမံကိန်းများ (Justifiable Power Projects) ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးမျိုးမြင့် ရဲ့ အဆိုကို လက်ခံ ဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

ဦးမျိုးမြင့် တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၄) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၅) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန် အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၁၂း၀၇ နာရီအချိန်တွင် ရပ်နားပါသည်။]